# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၂ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊


*စာမျက်နှာ ၃ ကော်လံ ၁ ➲*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မူလအာဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်မှ အရှင်ဇနိန္ဒ အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့ ဖတ်စရာ**



**ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) သို့ တက်ရောက်ရန် သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့ထားရှိသည့် နိုင်ငံ့သားကောင်းရတနာများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး**


ပြည်တွင်းသတင်း စာ ၉




**အတန်းပညာနှင့်အတူ အတတ်ပညာပါ လေ့လာဆည်းပူးနိုင်ဖို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်ကြပါစို့**


ဆောင်းပါး စာ ၁၆

○ *ရှေ့ဖုံးမှ*

တိပိဋက ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် အာဂုံသဘော ရေးဖြေ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရောဝတီတိုင်းဒေသကြီး *စာမျက်နှာ ၄ သို့*



(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၂ ပါးတို့ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ မူလအာဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပဏ္ဍဝါ လင်္ကာရ အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီး ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှူးပြုသော ဒေ့်ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

**သာရဏီယဩဝါဒကထာမြွက်ကြား**

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီး ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က သာရဏီယဩဝါဒ ကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယဩဝါဒ ကထာကို စာမျက်နှာ ၅ တွင် သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူသည့် သာသနဓဇအာဇာနည် အရှင်မြတ် များအား ဘွဲ့တံဆိပ်တော်နှင့် အောင် လက်မှတ်များ ဆက်ကပ်ကြရာ ပိဋကတ် သုံးပုံ အာဂုံရေးဖြေ အောင်မြင်တော်မူ သဖြင့် တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက် မှ အရှင်ပညာသိရီလင်္ကာရနှင့် မူလ အာဘိဓမ္မိက အောင်မြင်တော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်မှ အရှင်ဇနိန္ဒ တို့ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ဘွဲ့တံဆိပ် တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ် လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဒေ့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

**အောင်လက်မှတ်ဆက်ကပ်**

ထို့နောက် မူလအာဘိဓမ္မိက အောင်မြင်တော်မူကြသည့် စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက် မှ အရှင်ပဏ္ဍာဝါ လင်္ကာရ၊ ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်း တိုက်မှ အရှင်အာစာရာလင်္ကာရနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်း တိပိဋက နိကာယကျောင်းတိုက်မှ အရှင်အာနန္ဒ ပဏ္ဍိတာ လင်္ကာရ တို့အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေက ဘွဲ့တံဆိပ်တော်နှင့် အောင် လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

**အသီးသီး ဆက်ကပ်လှူဒါန်း**

ယင်းနောက် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၁ ပါး၊ ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၃ ပါး၊ ဒီဃဘာဏက ဘွဲ့တံဆိပ် တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ၉ ပါး၊ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ၅ ပါး၊ ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ သာသနဓဇ အာဇာနည်အရှင်မြတ် ၃၁ ပါး၊ ဥဘတော ဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်မြတ် ၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ် ၅၁ ပါး တို့အား ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင် နှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူ များက ဘွဲ့တံဆိပ်တော်နှင့် အောင်လက် မှတ်များ အသီးသီး ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေး မြို့ မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဒေ့်ပရိသတ် များက အနုမောဒနာတရား နာယူကြပြီး

**“ ယခုကျင်းပပြီးစီးခဲ့သည့် (၇၆) ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအထိ (၇၆) နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည်အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကို ရရှိပြီး၍ (၅) နှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်မှဆက်ကပ်သည့်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်ကြီး ၁၄ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနဓဇအာဇာနည် အရှင်သူမြတ် ၅ ပါးလည်း ပေါ်ထွန်းခဲ့ပြီးဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်အရှင် သူမြတ်များ ဆက်လက်ပေါ်ထွန်းလာမည့် အလားအလာကောင်းများလည်း ရှိနေပြီဖြစ်”**



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဘွဲ့တံဆိပ်တော်ရ ဆရာတော် တစ်ပါး အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

လှူဒါန်းမှု အစုစုတို့အတွက် ရေစက် သွန်းလောင်း အမျှပေးဝေကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ၎င်းတို့၏ ဇနီးများနှင့် အလှူရှင်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြ သည့် သာသနဓဇအာဇာနည် အရှင်သူမြတ် များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

**၁၁၂ ပါး အောင်မြင်တော်မူ**

(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကြီးတွင် ပိဋကသုံးပုံ အာဂုံရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့ရ သာသနဓဇအာဇာနည် အရှင်မြတ် ၁ ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် မူလအာဘိ ဓမ္မိက ၅ ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့ရသာသနဓဇ အာဇာနည် အရှင်မြတ် ၃ ပါး၊ ပိဋက နှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ဘွဲ့ရ သာသနဓဇအာဇာနည် အရှင်မြတ် ၉ ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယ ကောဝိဒဘွဲ့ရ သာသနဓဇ အာဇာနည်အရှင် မြတ် ၅ ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ သာသနဓဇအာဇာနည်အရှင်မြတ် ၃၁ ပါး၊ ဝိနည်း(ပထမပိုင်း) ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနဓဇ အာဇာနည်အရှင်မြတ် ၇ ပါး၊ ဝိနည်း (ပထမပိုင်း) အာဂုံအောင် ဥဘတော ဝိဘင်္ဂဓရဘွဲ့ရ သာသနဓဇအာဇာနည် အရှင်မြတ် ၅၁ ပါး စုစုပေါင်း ၁၁၂ ပါး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

ယခုကျင်းပပြီးစီးခဲ့သည့် (၇၆)ကြိမ် မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအထိ (၇၆) နှစ် တာကာလအတွင်း တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ တံဆိပ်တော်ရ သာသနဓဇ အာဇာနည်အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီး ယင်းဘွဲ့တံဆိပ်တော်ကို ရရှိပြီး၍ (၅) နှစ်ပြည့်မြောက်သည့်အခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ် တော်ကို နိုင်ငံတော်မှ ဆက်ကပ်သည့် အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ရဆရာတော်ကြီး ၁၄ ပါး ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါသည်။ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနဓဇအာဇာနည် အရှင်သူမြတ် ၅ ပါးလည်း ပေါ်ထွန်းခဲ့ပြီး ဖြစ်၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည် အရှင်သူမြတ်များ ဆက်လက်ပေါ်ထွန်းလာမည့် အလား အလာကောင်းများလည်း ရှိနေပြီဖြစ် ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မိန့်ကြားချီးမြှင့်တော်မူသော သာရဏီယသြဝါဒကထာ

**စာအောင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-**

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အသုရဝဂ်နှာ (၄၀၉)၌လာသော ခိပ္ပနိသန္တိသုတ်တော်၌-

**စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနော လောကသ္မိံ။ ကတမေ စတ္တာရော အတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ ပရဟိတာယ ပဋိပန္နော နော အတ္တဟိတာယ၊ နေဝတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ အတ္တဟိတာယ စေဝ ပဋိပန္နော ပရဟိတာယ စ။**

(၁) မိမိအကျိုးစီးပွားအလို့ငှါသာကျင့်၍ သူတစ်ပါးအကျိုးစီးပွား အလို့ငှါ မကျင့်သောပုဂ္ဂိုလ်၊

(၂) သူတစ်ပါးအကျိုးစီးပွားအလို့ငှါသာ ကျင့်၍ မိမိအကျိုးစီးပွား အလို့ငှါ မကျင့်သောပုဂ္ဂိုလ်၊

(၃) မိမိအကျိုးစီးပွားအလို့ငှါလည်းမကျင့် သူတစ်ပါးအကျိုးစီးပွား အလို့ငှါလည်း မကျင့်သောပုဂ္ဂိုလ်၊


(၄) မိမိအကျိုးစီးပွားအလို့ငှါလည်းကျင့်၍ သူတစ်ပါး အကျိုးစီးပွား အလို့ငှါလည်းကျင့်သောပုဂ္ဂိုလ်-

ဟူ၍ ပုဂ္ဂိုလ်လေးမျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။ ထိုလေးမျိုးတို့တွင် -

(၁) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သော ဉာဏ်ပညာရှိ၏။ ကြားနာသိမှတ်ထားအပ်ကုန်ပြီးသော ပရိယတ္တိတရားတို့ကို နှုတ်တက်အရ ဆောင်နိုင်သော သဘောရှိ၏၊ နှုတ်တက်အရ ဆောင်ထားသောတရားတို့၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်လေ့ရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာလည်းကျင့်၏။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကားမပြည့်စုံ၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှါမစွမ်းနိုင်၊ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှါသာ ကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှါ မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင်သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်း၊ သာမဏေများကို စာပေသင်ကြား ပို့ချမှုမရှိခြင်း၊ ရဟန်း ရှင်လူတို့အား စစ်မှန်သောသာသနာကို သိရှိနားလည်အောင် တရားတော်များကို မဟောကြားခြင်း၊ သာသနာတော်၏အနှစ်ဖြစ်သော အကျင့်မှန်ကို ကျင့်သုံး ဆောက်တည်နိုင်အောင် ရဟန်းရှင်လူတို့အား သင်ကြားပြသမှုမရှိခြင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို မပြုလုပ်ခြင်းတို့သည် ပထမပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၂) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာမရှိ။ ကြားနာသိမှတ်ထားအပ်ကုန်ပြီးသော ပရိယတ္တိတရားတို့ကို နှုတ်တက်အရ ဆောင်နိုင်သောသဘောမရှိ၊ နှုတ်တက်အရ



ဆောင်ထားသောတရားတို့၏ အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်လေ့မရှိ၊ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာ ကျင့်လေ့မရှိ။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကား ပြည့်စုံ၏၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှါ စွမ်းနိုင်၏၊ ထိုသူသည် သူတစ်ပါးအကျိုးစီးပွားအလို့ငှါသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှါ မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။ ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင် မသင်ကြားနိုင်သော်လည်း စကားပြောကောင်း တရားဟောကောင်း၍ ရဟန်းရှင်လူများ အကျိုးစီးပွားဖြစ်ထွန်းအောင် မိမိတတ်ထားသမျှ ဟောပြောပြသနေသောပုဂ္ဂိုလ်များသည် ဤဒုတိယပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၃) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာမရှိ။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာကျင့်လေ့မရှိ၊ ကောင်းသောစကား၊ ကောင်းသောအသံနှင့်လည်းမပြည့်စုံ၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှါမစွမ်းနိုင်၊ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှါလည်း မကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှါလည်း မကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ စာပေပရိယတ္တိကိုလည်း တတ်သိအောင်မသင်ကြား၊ စကားကိုလည်း သူတစ်ပါးနားဝင်အောင်မပြောတတ်၊ တရားလည်း မဟောတတ်၊ ရဟန်းရှင်လူများ အကျိုးစီးပွားဖြစ်ထွန်းအောင်လည်း မစွမ်းဆောင်သောပုဂ္ဂိုလ်များသည် ဤတတိယပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

(၄) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သော ဉာဏ်ပညာရှိ၏။ ပါဠိအနက်ကို သိ၍ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်လည်း ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှါစွမ်းနိုင်၏။ ထိုသူသည် မိမိအကျိုးစီးပွား အလို့ငှါလည်းကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှါလည်း ကျင့်သောပုဂ္ဂိုလ်မည်ပါသည်။

ယခုကာလ၌ စာပေပရိယတ္တိကိုလည်း တတ်သိအောင်သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်းသာမဏေများကို စာပေသင်ကြားပို့ချခြင်း၊ ရဟန်းရှင်လူတို့အား စစ်မှန်သောသာသနာကို သိရှိနားလည်အောင် တရားတော်များကို ဟောကြားခြင်း၊ သာသနာတော်၏အနှစ်ဖြစ်သော အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် ရဟန်းရှင်လူတို့အား သင်ကြားပြသမှုရှိခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုလုပ်အားထုတ်ခြင်းတို့သည် ဤစတုတ္ထပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်။

**တိပိဋကစာမေးပွဲအောင်သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား-**

ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်အောင် ကြိုးစားအားထုတ်တော်မူကြပြီးလျှင် မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွားစည်ကားတိုးတက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ် ရဟန်းသာမဏေငယ်များကို ပရိယတ္တိစာပေသင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ ရဟန်းရှင်လူအပေါင်းတို့အား ထေရဝါဒပိဋကတ်တော်များနှင့်အညီ တရားဓမ္မဟောပြတော်မူကြ၍လည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သော ပဋိပတ်အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် သင်ကြားပြသတော်မူကြ၍ လည်းကောင်း သာသနာပြုလုပ်ငန်းများကို စွမ်းအားရှိသမျှ ကြိုးစားအားထုတ်တော်မူကြ၍လည်းကောင်း ခိပ္ပနိသန္တိသုတ်လာ ပုဂ္ဂိုလ်လေးမျိုးတို့အနက် စတုတ္ထပုဂ္ဂိုလ်မျိုးတွင် ပါဝင်သော သာသနာ့အာဇာနည် ဂုဏ်ရည် ထူးချွန်ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များ ဖြစ်တော်မူကြလိမ့်မည်ဟု ယုံကြည်ကိုးစားအားထားလျက်ရှိကြပါသည်။

အရှင်မြတ်တို့ကလည်း ခိပ္ပနိသန္တိသုတ်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် အတ္တဟိတ ပရဟိတ ပဋိပန္နစတုတ္ထပုဂ္ဂိုလ်မျိုးဖြစ်အောင် ကြိုးစားအားထုတ်တော်မူကြပါ၊ နိုင်ငံတော်အစိုးရ အမှူးပြုသည့် ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း သာသနာ့အာဇာနည်အရှင်မြတ်တို့ ရွှင်လန်းချမ်းမြေ့စွာ သာသနာပြုနိုင်ကြစေရန် ပစ္စည်းလေးပါးထောက်ပံ့ကြလျက် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးအားထုတ်ကြပါဟု တိုက်တွန်းလျက် သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။ ။

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် မွန်းလွဲပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယက ဆရာတော် အမှူးပြုသော ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးကိုးပါးအား လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြသည်။

ဘွဲ့တံဆိပ်ရဆရာတော်ကြီးများဖြစ်သော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမေဓာဝီရာနန္ဒ (ဆုတောင်းပြည့်ကျောင်း၊ တောင်လုံးပြန်)၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဉာဏဓဇ (ဓမ္မရက္ခိတကျောင်း၊ မလွှကုန်း)၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တရေဝတာနန္ဒ (ဆုတောင်းပြည့်ကျောင်း၊ တောင်လုံးပြန်ရပ်ကွက်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမာဃိန္ဒ (သာသနာ့ရံသီကျောင်း၊ သိမ်ဖြူရထား)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတေဇိတ (နော်မံကျောင်း၊ သာယာကုန်း)၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဒေါက်တာဘဒ္ဒန္တကုလနန္ဒက (ဓမ္မဇေယျာ ပရိယတ္တိစာသင်တိုက်၊ ပုသိမ်ညွန့်)၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဥတ္တမသာရ (ခေမာသီဝံကျောင်း၊ ကူးတို့ဆိပ်)၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိန္ဒာစာရာဘိဝံသ (တုလွတ်စံကျောင်း၊ သိမ်ဖြူရထား) ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်ရှစ်ပါးနှင့် မြို့နယ်သံဃနာယကအဖွဲ့မှ ဥက္ကဋ္ဌဆရာတော်တစ်ပါး စုစုပေါင်း ဆရာတော် သံဃာတော် ကိုးပါးတို့အား ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့နောက် ဆရာတော်သံဃာတော်များအား မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆွမ်းဆန်စိမ်းလောင်းလှူပြီး ဆရာတော် သံဃာတော်များ မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရေး လှည့်လည်အပူဇော်ခံကြွရောက်မည် ဖြစ်ကြောင်း သိ ရသည်။



**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

**ရန်ကုန် မေ ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူး ကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ့၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် များ၊ ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသ ကြီးအတွင်းရှိ ဒေသဆိုင်ရာ အချက် အလက်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင် ရေး စီမံကိန်းရန်ပုံငွေမှ လုပ်ငန်းရှင်များ အား ချေးငွေများ ထုတ်ချေးထားရှိမှု၊ MSME Member Card များ ထုတ်ပေး ထားရှိမှု၊ သီလဝါအထူးစီးပွားရေးဇုန် တွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြည်သူ့လုံခြုံရေး ကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု စသည့်အခြေအနေများနှင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်ပါအကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိသည့် အခြေအနေများကို

**❝ ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဥစားကြက်၊ အသားတိုးကြက်များကို စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားရှိမှုကိုကြည့်ပါက အကောင်ရေ ၁၇ သန်းမှ သန်း ၂၀ နီးပါး အကြား တွေ့ရှိ၊ အဆိုပါမွေးမြူထားရှိမှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုစရိတ်လျှော့ရန်အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အစာစပ်စက်ရုံများတည်ဆောက်၍ ကိုယ်တိုင်အစာထုတ်လုပ်သည့် စနစ်ဖြင့် ဆောင်ရွက်ပါက အစာဈေးနှုန်းကုန်ကျစရိတ်မှာ ပြင်ပပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းခန့် သက်သာနိုင်သည့်အပြင် မိမိကိုယ်တိုင်ထုတ်လုပ်သဖြင့် လိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သလို ဆောင်ရွက်နိုင်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် မှီခိုစရာမလိုသည့်အပြင် ဥတစ်လုံး ချင်းထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်သဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချဖြန့်ဖြူးပေးနိုင်မည်၊ အလားတူ ကြက်၊ ဝက်၊ ငါး၊ ကျွဲ၊ နွား အစာများ ကိုယ်တိုင်အစာစပ်စက်ရုံ တည်ဆောက်ထုတ်လုပ်နိုင်ပါက မွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင် ဖြစ်ထွန်းလာမည် ❞**

ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြ သည့် ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ကဏ္ဍ ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေ များ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက် မှ ၁၅ ရက်အတွင်း ကျင်းပပြုလုပ် မည့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံနိုင်ရေးအတွက် ကြိုတင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့် အကျုံးဝင်သူများ အား စနစ်တကျစိစစ်ရွေးချယ် ဆောင်ရွက် နေမှုအခြေအနေများ၊ ပန်းခင်းစီမံချက် များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည် များ မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များ ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်အတွက် လာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တင်ပြချက်များ အရ စိုက်ပျိုးရေးလုပ်ငန်း၌ နွေစပါး စိုက်ပျိုးမှုတွင် မျိုးစေ့ချကိရိယာ Seeder ကို အသုံးပြု၍ စိုက်ပျိုးရာတွင် အထွက် နှုန်းပိုမိုကောင်းမွန်မှုရရှိသည်ကို တွေ့ရှိရ သဖြင့် နည်းစနစ်မှန်ကန်စွာဖြင့် အထွက် နှုန်းကောင်းအောင် အသိပညာပေးပြီး အောင်မြင်အောင် စိုက်ပျိုးရန် လိုအပ် ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူအားလုံးအတွက် မိမိတိုင်းဒေသ ကြီး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း များမှ ထွက်ရှိမှုများဖြင့် ဖူလုံအောင် ဆောင်ရွက်သွားရန် နိုင်ငံတော်ဝန်ကြီးချုပ် က လမ်းညွှန်ထားကြောင်း၊ အဆိုပါ လမ်းညွှန်ချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများက တင်သွင်းရန် မလိုအပ်သည်အထိ ရာနှုန်း ပြည့် အောင်မြင်ဖြစ်ထွန်းအောင် နှစ် အလိုက် အကောင်အထည်ဖော် ဆောင် ရွက်သွားရန်လိုကြောင်း။

**အစာစပ်စက်ရုံ တည်ဆောက်ထုတ်လုပ် နိုင်ပါက မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူ ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဥစားကြက်၊ အသားတိုးကြက်များကို စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားရှိမှုကို ကြည့်ပါက အကောင်ရေ ၁၇ သန်းမှ သန်း ၂၀ နီးပါးအကြား တွေ့ရှိရကြောင်း၊ အဆိုပါ မွေးမြူထားရှိမှုနှင့်ပတ်သက်၍ ထုတ်လုပ် မှုစရိတ် လျှော့ရန်အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အစာစပ်စက်ရုံများ တည်ဆောက်၍ ကိုယ်တိုင်အစာထုတ်လုပ်သည့်စနစ်ဖြင့် ဆောင်ရွက်ပါက အစာဈေးနှုန်း ကုန်ကျ စရိတ်မှာ ပြင်ပပေါက်ဈေးထက် ၂၀ ရာခိုင် နှုန်းခန့် သက်သာနိုင်သည့်အပြင် မိမိ ကိုယ်တိုင် ထုတ်လုပ်သဖြင့် လိုအပ်ချက် အပေါ်မူတည်၍ လိုအပ်သလို ဆောင်ရွက် နိုင်သည့်အတွက် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများအပေါ် မှီခိုစရာမလိုသည့် အပြင် ဥတစ်လုံးချင်းထုတ်လုပ်မှု စရိတ် သက်သာစွာဖြင့် ထုတ်လုပ်နိုင်သဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချဖြန့်ဖြူးပေးနိုင် မည်ဖြစ်ကြောင်း၊ အလားတူ ကြက်၊ ဝက်၊ ငါး၊ ကျွဲ၊ နွား အစာများ ကိုယ်တိုင်အစာစပ် စက်ရုံ တည်ဆောက်ထုတ်လုပ်နိုင်ပါက မွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမို အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

**ချေးငွေရယူ၍ ဆောင်ရွက်နေသည့် လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးရန်လို**

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပတ်သက် ၍ နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ၈ ဘီလီယံရှိရာ လုပ်ငန်းရှင်များသို့ ထုတ်ချေးငွေပမာဏသည် ၇ ဒသမ ၅ ဘီလီယံကျော်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ထုတ်ချေးထားသည့် ချေးငွေများ သည် လုပ်ငန်းအမှန်တကယ် လည်ပတ်မှု ရှိရန်လိုကြောင်း၊ ချေးငွေချေးရာတွင် ကာလတိုချေးငွေ၊ ကာလလတ်ချေးငွေ နှင့် နှစ်ရှည်ချေးငွေများရှိပြီး ချေးငွေများ အပေါ် မူတည်၍ ချေးယူထားသည့် လုပ်ငန်းရှင်များကလည်း လုပ်ငန်းများ မှန်မှန်ကန်ကန် အောင်မြင်အောင် ဆောင် ရွက်ရန် လိုအပ်ပြီး သက်ဆိုင်ရာတာဝန်ရှိ သူများကလည်း ချေးငွေရယူ၍ ဆောင် ရွက်နေသည့်လုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ/မရှိ မျက်ခြည်မပြတ် သိရှိနိုင်ရေးစစ်ဆေးသွားရန် လိုကြောင်း၊ ထိုသို့လုပ်ငန်းများ အမှန်တကယ် ဆောင် ရွက်မှသာ ချေးငွေများ ပြန်လည်ပေးဆပ် နိုင်မည်ဖြစ်ပြီး အဆိုပါရရှိသည့် ငွေများကို ထပ်မံ၍ အခြားသော ငွေကြေးလိုအပ်ချက် ရှိသည့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လုပ်ငန်းများသို့ ထပ်မံချေးငွေများ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**သန်းခေါင်စာရင်းမှန်ကန်စွာ ကောက်ယူနိုင်မှုသည် နိုင်ငံတော်အတွက် အရေးကြီး**

ပြည်သူ့လုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့်ပတ်သက်၍ စာရင်းဇယားများအရ မဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၁၀)နှစ်တွင် တစ်ကြိမ်သာ ကောက်ယူသည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး အောင်မြင်စွာ ကောက်ယူနိုင်ရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် ဆန္ဒမဲပေးခြင်းနှင့် မတူညီကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံအတွင်း နေထိုင်သူအားလုံးနှင့် သက်ဆိုင်ပြီး သန်းခေါင်စာရင်းမှန်ကန်စွာ ကောက်ယူနိုင်မှုသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ အဆိုပါစာရင်းဇယားများ မှန်ကန်မှသာ မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို များစွာ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း လိုအပ်သလို စနစ်တကျ စီမံဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန် စနစ်တကျကောက်ယူသွားရန်လိုကြောင်း။

**မိုးရာသီတွင် ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရန်လို**

မကြာမီ မိုးရာသီရောက်ရှိလာမည်ဖြစ်သည့်အတွက် မိုးကြိုကာလ ဆောင်ရွက်ရမည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မိုးရာသီ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ မြို့နယ်များအလိုက် ကြီးကြပ်၍ လျာထားချက်နှင့် ပြည့်မီအောင် ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အပြင် မိုးရာသီတွင် ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများ အတတ်နိုင်ဆုံးဖြစ်ပွားမှု မရှိစေရေး မပြတ်စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မကြာမီတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင်ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် အတန်းစဉ်မပြတ် တက်ရောက်ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး လုံလုံခြုံခြုံဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း၍ စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပြည်ပပို့ကုန်အမယ်သစ်များ ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်ရန် လိုအပ်**

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စားသုံးဆီဖူလုံရေးအတွက် နေကြာနှင့် အခြားဆီထွက်သီးနှံများကိုလည်း စနစ်တကျစိုက်ပျိုးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍လည်း ယခုထက်ပို၍ ဆောင်ရွက်ရန်လိုအပ်ပြီး တစ်ပိုင်တစ်နိုင်မှ အလယ်အလတ်အဆင့်ထိ အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများကိုလည်း သီလဝါအထူးစီးပွားရေးဇုန်ရှိစက်ရုံ၊ အလုပ်ရုံများနှင့်ချိတ်ဆက်၍ ဆောင်ရွက်မှုကြောင့် ဝင်ငွေများ ရရှိလျက်ရှိရာ ယခုထက်ပို၍ တိုးတက်အောင်မြင်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းမှ စားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား မိမိဒေသ၌ ရောင်းချနိုင်ရေး ဦးမတည်ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ပြည်ပပို့ကုန်အမယ်သစ်များဖြင့် ထုတ်လုပ်တင်ပို့နိုင်ရေးကို အဓိကဦးတည်ချက်ထားပြီး မူဘောင်အတွင်းမှ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ပြည်ဖျက်မီဒီယာအချို့က မဟုတ်မမှန် ကောလာဟလ သတင်းများ ထုတ်လွှင့်လျက်ရှိ**

လုံခြုံရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း လစ်ဟာမှုမရှိစေရန် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုအပ်ပြီး ပြည်သူ့အပေါ် မလိုလားအပ်သည့် အနိုင်ကျင့်မှုများ၊ အဓမ္မငွေကြေးကောက်ခံမှုများ မပြုလုပ်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အထူးကြပ်မတ်၍ ဥပဒေဘောင်အတွင်းမှ စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းမှုနှင့် ပတ်သက်၍ ဥပဒေများထုတ်ပြန်ပြီး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နေမှုများအပေါ် တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေလိုသည့်ပြည်ဖျက်မီဒီယာအချို့က ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိသည်ကို တွေ့ရှိရပြီး မိမိတို့အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေဘောင်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အထောက်အကူဖြစ်စေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်နိုင်ငံတော်မှ ခွဲဝေပေးသည့် ဘတ်ဂျက်ဖြင့်သာ မရပ်တည်ဘဲ မိမိတိုင်းဒေသကြီး၏ ရှာဖွေရရှိသည့် ဘတ်ဂျက်ဖြင့် ရပ်တည်နိုင်သည်အထိ အဆင့်လိုက် အစီအမံကောင်းများ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် စီးပွားရေးဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေး ရေ၊ မီး၊ အလုပ်သမား စသည့်ကိစ္စရပ်များကိုလည်း ချမှတ်ထားသည့် မူဘောင်အတွင်းမှ သက်ဆိုင်ရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့ မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက် (၁၂) နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

---

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်
## “ အသိပေးကြေညာချက် ”

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၂ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Winyuaung Kaungkaung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဝင်းယုအောင်(ခ)ကောင်းကောင်းနှင့် “Ko Ko Latt” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လပွတ္တာမြို့နယ် အမှတ်(၉)ရပ်ကွက်နေ ကိုကိုလတ်တို့အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လပွတ္တာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၃**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံ တက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။

ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များမှ တပ်မှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နယ်မြေဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းဘူးမြို့နယ်၌ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ပါက မီးသတ်ဦးစီးဌာနရုံးများကို ဆက်သွယ်အကူအညီတောင်းခံနိုင်



**မင်းဘူး မေ ၁၃**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် မြို့နယ်အသီးသီးရှိ ဒေသခံပြည်သူများအနေဖြင့် အပူချိန်မြင့်မားသည့် နွေရာသီကာလ သောက်သုံးရေများ အခက်အခဲဖြစ်ပေါ်ပါက ခရိုင်မီးသတ်ဦးစီးဌာန ဖုန်း ၀၉ – ၄၂၈၃၄၅၉၂၈ ထံသို့ လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံးများနှင့် နယ်မြေခံမီးသတ်စခန်းများသို့ လည်းကောင်း တိုက်ရိုက်ဆက်သွယ်၍ သောက်သုံးရေများ လှူဒါန်းပေးနိုင်ရေးအတွက် အကူအညီတောင်းခံနိုင်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု ရွှေတွင်းကုန်းကျေးရွာရှိ အိမ်ခြေ ၂၅၀ ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များက မေ ၁၂ ရက်တွင် သောက်သုံးရေ ဂါလန် ၃၆၀၀ လှူဒါန်းစဉ်။ ထွန်းလင်း(ဇေယျာမြေ)





# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) သို့ တက်ရောက်ရန် သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့ထားရှိသည့် နိုင်ငံ့သားကောင်းရတနာများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၃**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင် အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍လည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုသို့ သင်တန်းကျောင်းအသီးသီးရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂) တက်ရောက်ရန်ရောက်ရှိနေသည့် နိုင်ငံ့သားကောင်း ရတနာများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်၍ အားပေးစကားများ ပြောကြားခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ သင်တန်းဖွင့်ပွဲအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပဲခူး မေ ၁၃**

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း၊ ကျေးလက်စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထူထောင်ရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်း စီမံကိန်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် စံပြဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ မေ ၁၃ ရက် မွန်းလွဲပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်မှ ခွင့်ပြုပေးခဲ့သည့် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းစီမံကိန်းများရှိသလို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းစီမံကိန်းများလည်းရှိရာ တက်ရောက်လာသည့် ခရိုင်ခြောက်ခုအတွင်းမှ ကျေးလက်နေပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမည့် စီမံကိန်းရန်ပုံငွေများအား သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စနစ်တကျသုံးစွဲဆောင်ရွက်ရန်လိုအပ်ပြီး စီမံကိန်းရန်ပုံငွေများဖြင့် မိမိတို့ဒေသကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အားလုံးပူးပေါင်းပါဝင်ကြိုးစားကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၊ ကျေးလက်စီးပွား မြှင့်တင်ရေး ရန်ပုံငွေထူထောင်ရေး စီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်း စီမံကိန်းနှင့် မြစိမ်းရောင် ကျေးရွာ စီမံကိန်းတို့အတွက် စုစုပေါင်းငွေကျပ် ၃၈၂၅ သန်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့် ကျေးရွာများအားလည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ခရိုင်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းစံပြဆုများအား လည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်ဆုများအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများနှင့် သက်ဆိုင်ရာ စီမံကိန်းကျေးရွာများမှ ထွက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ နွေစပါး စံကွက်ရိတ်သိမ်း တစ်ဧက တင်း ၁၄၀ ကျော်ထွက်ရှိ

**ရွှေတောင် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု ပုရပိုက်တန်း(ရွာဟောင်း)ကျေးရွာ တောင်သူ ဦးကျော်ဌေး၏ နွေစပါး (YAR-14) (၅ . ၁၇) ဧကတွင် ယနေ့နံနက်ပိုင်းက နွေစပါးစံကွက်ရိတ်သိမ်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီပါဌာနဆိုင်ရာများ၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီပါ ဌာနဆိုင်ရာများ၊ နွားမယံကျေးရွာအုပ်စု၊ ကွင်းယားကြီးကျေးရွာအုပ်စု၊ ကျွဲတလင်းကျေးရွာအုပ်စု၊ တံပူစားကျေးရွာအုပ်စု၊ ကွေ့မကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာတွင် အစိုထွက်တင်း ၁၄၁ တင်း ထွက်ရှိခဲ့ကြောင်းသိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**






# ဝိုင်းမော်မြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြော

**ဝိုင်းမော် မေ ၁၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက်က ကျင်းပရာ မြစ်ကြီးနား ခရိုင်သစ်တောဦးစီးမှူး ဦးစောဂျင်မိနီဟက်စ်လက်၊ ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။ **(ဝဲပုံ)**

ရှေးဦးစွာ မြစ်ကြီးနားခရိုင် သစ်တောဦးစီးမှူးက သစ်တောများနှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝိုင်းမော်မြို့နယ် သစ်တောဦးစီးမှူးက သစ်တောနှင့် ဇီဝမျိုးစုံ မျိုးကွဲများဆိုင်ရာများကို လည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြူစင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးဆွေးနွေး

## စီးပွားရေးတစ်ခုတည်းမတွက်စေဘဲ နိုင်ငံအတွက်၊ ပြည်သူအတွက်၊ ရုပ်ရှင်လောကအတွက် မျှမျှတတစဉ်းစားပြီး အားလုံးအကျိုးရှိမည့် ရုံတင်ပြသရေးစနစ်ဖြစ်စေချင်





**ရန်ကုန် မေ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း စတူဒီယို(၁)၌ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးဆိုင်ရာကိစ္စများအား ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်းနှင့်ပတ်သက်၍ တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်နည်းလမ်းများနှင့် မည်သို့ညှိနှိုင်းပေးရမည်ဆိုသည်ကို ဆွေးနွေးပေးစေလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရာတွင် တီထွင်ဖန်တီးမှုပိုင်းအနေဖြင့် ပရိသတ်ကြိုက်နှစ်သက်သည့် ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်လာသည်ကို တွေ့ရပါကြောင်း။

ယင်းသို့ရိုက်ကူးထုတ်လုပ်ထားသည့် ဇာတ်ကားများကို ပရိသတ်ဆီသို့ရောက်ရှိအောင် ရုံတင်ပြသမှုအပိုင်းကလည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးအရ ရုပ်ရှင်ရုံများကို ပုဂ္ဂလိကပိုင်အဖြစ် ရောင်းချခဲ့ချိန်တွင် ရုပ်ရှင်ရုံများကို ရုပ်ရှင်လုပ်ငန်း ပြန်လည်လုပ်ကိုင်ရမည်ဟု Condition ပါရှိပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် ရောင်းချထားသည့် အချို့သောရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသခြင်းကို ခေတ်အဆက်ဆက် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ရာ ရုံရက်ချိတ်စနစ်၊ ဝင်ငွေအချိုးအစားခွဲဝေမှုစနစ်တို့ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ထုတ်လုပ်သူ၊ ရုံပိုင်ရှင်နှင့် ရုံရက်ချိတ်သူတို့ ပါဝင်သော "ရုံရက်ချိတ်ပြသရေးကော်မတီ" ဖွဲ့စည်း၍ ဆင်ဆာခွင့်ပြုချက်အမှတ်စဉ်အလိုက် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးနှင့် ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ပါဝင်ဆောင်ရွက်မှုမရှိခဲ့ပါကြောင်း။

ယခုအခါ ရုံတင်ပြသရန် ရုပ်ရှင်ဇာတ်ကားများ တန်းစီနေသည့်အတွက်ကြောင့် ပိုမိုကောင်းမွန်သော ပြသရေးစနစ်ဖြစ်ပေါ်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလမတိုင်မီရုပ်ရှင်ရုံ ၁၈၂ ရုံ၊ ပိတ်ကား ၂၀၇ ခု ရှိခဲ့ပါကြောင်း၊ ကိုဗစ်ကာလပြီးနောက် ရုပ်ရှင်ရုံ ၃၆ ရုံဖြင့် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့အချိန်တွင် ရုပ်ရှင်ရုံ ၉၀ အထိ တိုးမြှင့်ရုံတင်ပြသနိုင်ခဲ့ကာ မြန်မာဇာတ်ကား ၆၈ ရုံအထိ ပြသနိုင်ခဲ့သည့်အတွက် အတိုင်းအတာတစ်ခုအနေဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ရုပ်ရှင်ရုံများ စတင်ဖွင့်လှစ်ခဲ့စဉ်က ရုံတင်ပြသမည့် ဇာတ်ကားနည်းခဲ့သည့်အတွက်ဇာတ်ကားများ ရုံတင်ပြသနိုင်ရေး တွန်းတွန်းတိုက်တိုက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယင်းအချိန်တွင် ရုံတင်ပြသမည့်ဇာတ်ကား ရှားပါးသဖြင့် ရုံတင်ပြသမည့် ကြော်ငြာစရိတ်ကိုပင် ပြန်လည်ရရှိရန်ခက်ခဲခဲ့ပြီး ရုပ်ရှင်ရုံလုပ်ငန်းရှင်များရော၊ ထုတ်လုပ်သူများပါ ထိခိုက်နစ်နာမှုများ ရှိခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ပုံမှန်အခြေအနေဖြစ်လာခဲ့ပြီး ရုံစတင်ဖွင့်လှစ်ပြသချိန်က အနစ်နာခံပြသပေးခဲ့သည့် ထုတ်လုပ်သူများကို ရုပ်ရှင်ရုံပိုင်ရှင်များက ဦးစားပေးပြသပေးခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ ရုံတင်ပြသရာတွင် ရုပ်ရှင်ရုံပိုင်ရှင်များအနေ ဖြင့်ရော ထုတ်လုပ်သူများအနေဖြင့်ရော နှစ်ဖက်အကျိုးစီးပွားကို ငဲ့ညှာပြီး စဉ်းစားဆောင်ရွက် ပေးစေလိုပါကြောင်း၊ ထုတ်လုပ်သူများက ဇာတ်ကားများကို ရင်းနှီးမြှုပ်နှံပြီး ရိုက်ကူးထားသည့် ငွေကြေးများ ပြန်လည်ရရှိနိုင်ရေး ရုံတင်ပြသခြင်းနည်းလမ်းကို မဖြစ်မနေ ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း။

ရုံပိုင်ရှင်များအနေဖြင့် ဇာတ်ကားများ ရုံတင်ပြသနိုင်ရေး ကိစ္စများအတွက် ထုတ်လုပ်သူများကို အကျပ်ကိုင်ခြင်း၊ လက်ဝါးကြီးအုပ်ခြင်းများ မဆောင်ရွက်စေလိုဘဲ မျှမျှတတဖြစ်စေလိုပါကြောင်း၊ ထို့အတူ ထုတ်လုပ်သူများဘက်ကလည်း အမှန်တကယ် ပရိသတ်ကြိုက်ဖြစ်စေမည့် ဇာတ်ကားများကို ရိုက်ကူးပြီး ဝင်ငွေကောင်းမည့် ဇာတ်ကား၊ ရုံပိုင်ရှင်များက ရွေးချယ်နိုင်မည့် ဈေးကွက်ဝင်မည့် ဇာတ်လမ်းကောင်းများကို ရိုက်ကူးကြရမှာဖြစ်သလို မိမိနိုင်ငံ၏ စံနှုန်းများဖြစ်သည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်း၊ မြန်မာ့အမွေအနှစ်များပါရှိသည့် မိမိနိုင်ငံအပေါ် ကမ္ဘာက အသိအမှတ်ပြုမည့် ဇာတ်ကားများကိုလည်း ရိုက်ကူးကြစေလိုပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာမှာ ဖြစ်ပေါ်နေသည့် အခက်အခဲများကို မည်သို့ကျော်ဖြတ်ကြမည်ကို စုပေါင်းစဉ်းစားဆောင်ရွက်ကြရန် လိုပါကြောင်း၊ ရုံတင်ပြသရေးပိုင်းအပြင် ရုပ်ရှင်ကားများကို ခိုးကူး၍ အွန်လိုင်းပေါ်တွင် ရောက်ရှိနေမှုများရှိနေသည်ဟု သိရပါသဖြင့် တားဆီးရန် နည်းလမ်းရှာဖွေသင့်ပါကြောင်း၊ ရုံပိုင်ရှင်များအနေဖြင့်လည်း မိမိရုံများတွင် ပြသသည့်ကားများကို ယခုလိုခိုးကူးမခံရအောင် စစ်ဆေးမှုများ၊ တားဆီးမှုများ၊ စောင့်ကြည့်မှုများ အထူးလိုအပ်ပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်ရေးများအနေဖြင့်လည်း တစ်လတွင် ရုံတင်နိုင်သည့် အရေအတွက်နှင့် တစ်နှစ်တွင် ရုံတင်ပြသနိုင်သည့် အရေအတွက်ကို ချင့်ချိန်၍ ရိုက်ကူးသင့်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများကို ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ ကုစားနိုင်ရန် ချေးငွေများ ထုတ်ချေးပေးခဲ့သလို ချေးငွေပြန်ဆပ်ရမည့်ကာလအား တိုးမြှင့်ပေးခဲ့ခြင်း၊ နိုင်ငံပိုင်ရုပ်ရှင်ရုံများအတွက် ရုံငှားရမ်းခကင်းလွတ်ခွင့်ပေးခြင်း၊ ရာခိုင်နှုန်းတစ်ခုသာ ပေးသွင်းစေခြင်း စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရုံပိုင်ရှင်များအနေဖြင့် ဇာတ်ကားများ ရွေးချယ်ရာတွင် ပရိသတ်အကြိုက် ဇာတ်ကားများ ရွေးချယ်မှုများပြီး အနုပညာဖန်တီးမှု၊ မိမိနိုင်ငံယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုပညာမြောက်ဖန်တီးမှုဇာတ်ကားများကို ပရိသတ်ကြိုက်မှုအားနည်းသည်ဟုယူဆပြီး ရုံတင်ရန် ရွေးချယ်မှုမရှိသည်ကိုလည်း ဝေဖန်သံများ ကြားနေရသည့်အတွက် အဖြေရှာကြရန် လိုအပ်ပါကြောင်း၊ ယနေ့အချိန်တွင် စီးပွားရေးတစ်ခုတည်း မတွက်စေဘဲ နိုင်ငံအတွက်၊ ပြည်သူအတွက်၊ ရုပ်ရှင်လောကအတွက် မျှမျှတတစဉ်းစားပြီး အားလုံးအကျိုးရှိမည့် ရုံတင်ပြသရေးစနစ် ဖြစ်စေချင်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မိမိနိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုး၊ ဓလေ့ထုံးတမ်းနှင့် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးများကို အထောက်အကူပြုသည့်ကားများကို ရိုက်ကူးပြသရန် လိုလားလျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ ပိုမိုရုံတင်ပြသနိုင်ခဲ့သည့်အတွက် ထုတ်လုပ်သူများ၊ ဒါရိုက်တာများအနေဖြင့် ကြိုးစားရိုက်ကူးကြသဖြင့် ဇာတ်ကားအရည်အသွေးများ ကောင်းမွန်လာခြင်း၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ရန် ရွေးချယ်ရာတွင်လည်း မျိုးဆက်သစ်လူငယ်များပါ ပါဝင်လာခြင်းများက ရုပ်ရှင်လောက တိုးတက်မှုကို ပြသနေခြင်းဖြစ်သည်ဟု ဆိုချင်ပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားဖန်တီးထုတ်လုပ်သူများ၏ အနုပညာဖန်တီးမှုများကို ရုပ်ရှင်ကြည့်ပရိသတ်များ လတ်ဆတ်စွာ ကြည့်ရှုနိုင်ရန် ရုံတင်ပြသမှုကို မည်သို့စီစဉ်ကြမည်၊ ယခင်က ရိုက်ကူးထားသည့်ကားများကို မည်သို့ရုံတင်ပြသကြမည်ကို အကြံဉာဏ်များ ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ကျိုင်းတုံယဉ်ကျေးမှုပြတိုက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် မေ ၁၁ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ အမှတ် (၁) ရပ်ကွက်ရှိ ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်သို့ လာရောက်လေ့လာသူများ စိတ်ပါဝင်စားမှု ရရှိစေရေးအတွက် လုံလောက်သော အလင်းရောင်ရရှိစေရေး ဆောင်ရွက်ရန်၊ ခင်းကျင်းပြသထားသည့် ပစ္စည်းအမျိုးအမည်နှင့် လိုက်ဖက်ညီသည့် အရောင်များကို ရွေးချယ်ခင်းကျင်းပြသရန်နှင့် လာရောက်လေ့လာသူများ သက်သောင့်သက်သာဖြင့် ကြည့်ရှုနိုင်ရေးအတွက် ပြသပစ္စည်းများကို သင့်တော်သည့် နေရာတွင် ပြောင်းလဲခင်းကျင်း ပြသနိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမှတ်(၄) ရပ်ကွက်ရှိ ယဉ်ကျေးမှုပြတိုက် အသစ်သို့ သွားရောက်ကြည့်ရှုပြီး ခင်းကျင်းပြသရာတွင် အများပြည်သူ စိတ်ပါဝင်စားမှု ရရှိစေရေးအတွက် ပြခန်းအနေအထားပေါ်မူတည်ပြီး ပစ္စည်းများကို ပြောင်းရွှေ့ခင်းကျင်းပြသထားရှိသွားရန်၊ ပြခန်းများတွင် Touch Screen နှင့် ဆက်စပ်ပစ္စည်းများအသုံးပြု၍ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လွယ်ကူစွာလေ့လာသိရှိနိုင်ရေး ထားရှိဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများ ကျင်းပ

နေပြည်တော် မေ ၁၃


**တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ တပ်မတော်(ရေ)၊ လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်) ၌ စခန်းပေါင်းစုံ ရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာပြိုင်ပွဲများနှင့် လှေလှော်ရွက်တိုက်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ကြသည်။ ထိုသို့ စခန်းပေါင်းစုံပြိုင်ပွဲယှဉ်ပြိုင်မှုများကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ထို့နောက် သင်တန်းအလိုက် ရေတပ်အချက်ပြဆက်သွယ်ရေးဘာသာရပ် (ရေးဖြေ/နှုတ်ဖြေ)ပြိုင်ပွဲ၊ လက်ရိုက်အလံအချက်ပြပို့/ ဖမ်းခြင်း လက်တွေ့ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှော်လှေဝမ်းပြား မီတာ(၅၀၀)ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့ကို နေပြည်တော်စခန်း၊ ကျိုင်းတုံစခန်း၊ ဟိုင်းကြီးစခန်း၊ အင်းယားစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ မန္တလေးစခန်းနှင့် ကိုကိုးကျွန်းစခန်း စသည့် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခု တို့မှ သင်တန်းသား သင်တန်းသူများက အသင်းလိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။





အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်မိတ္ထီလာမြို့၌အခြေခံလေကြောင်းလူငယ်သင်တန်းစခန်း ၁၅ ခုမှသင်တန်းသားများသည် အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲကိုလည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်း နှစ်ခုမှ သင်တန်းသားများသည် အခြေခံစစ်ရေးပြ (လက်နက်ပါ) ပြိုင်ပွဲကိုလည်းကောင်း ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် အခြေခံလေကြောင်းလူငယ် သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် RC Simulator မောင်းနှင်ခြင်းပြိုင်ပွဲကို လည်းကောင်း၊ တန်းမြင့်လေကြောင်းလူငယ် သင်တန်းစခန်း နှစ်ခုမှ သင်တန်းသားများသည် Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲကိုလည်းကောင်း အသီးသီး ကျင်းပပြုလုပ်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများ၊ အုပ်ချုပ်သူ/ နည်းပြ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မန္တလေးမြို့တွင် ဆရာအတတ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုလှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်းနှင့်အတူ မန္တလေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး စာသင်ခန်းများတွင် ဘီအီးဒီ စာပေးစာယူ သင်တန်း (၃/၂၀၂၃) ဒုတိယနှစ် သင်ကြား၊ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခုသင်တန်းသည် နောက်ဆုံးအသုတ်ဖြစ်သည့်အားလျော်စွာ သင်တန်းပြီးဆုံးပြီးနောက် ဘီအီးဒီဘွဲ့ရရှိပြီးပါက အထက်တန်းပြ ဆရာတာဝန်များကို တာဝန်ကျရာဒေသများတွင် ထမ်းဆောင်ကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ပုဂ္ဂလိကဆရာအတတ်ပညာ လက်မှတ်သင်တန်းသားများ စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်သို့ရောက်ရှိပြီး ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်သင်တန်း (အထက်တန်းအဆင့်) နှင့် (နိုင်ငံတကာသင်ရိုး) တက်ရောက်လျက်ရှိသော သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားရာတွင် ယခုသင်တန်း ပြီးမြောက်ပြီးပါက ပုဂ္ဂလိက ဆရာအတတ်ပညာလက်မှတ် ချီးမြှင့်မည်ဖြစ်ပြီး ဆက်လက်၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့သင်ကြားရသည့် ကျောင်းများတွင် ကျောင်းသား ကျောင်းသူများကို မိခင်ဘာသာစကား၊ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာ၊ မြန်မာစကား တတ်အောင်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ မြန်မာ့ပထဝီဝင်၊ မြန်မာ့သမိုင်းကိုလည်း အလေးအနက်ထားသင်ကြားကာ မြန်မာလူငယ်ကျောင်းသားများ နိုင်ငံချစ်စိတ် ကိန်းအောင်းလာစေရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ယခုသင်တန်းမှ သင်ကြားလိုက်သော သင်ပြနည်းစနစ်များကို အလေးအနက်ထားမှတ်သား နာယူစေလိုကြောင်း၊ နည်းပညာအသုံးချ (Technology Integration) သင်ကြားသင်ယူမှုစနစ်များကိုလည်း မျက်ခြည်မပြတ်လေ့လာနေမှသာ မိမိ၏ ကိုယ်ပိုင်အရည်အသွေးနှင့် သင်ကြားမှုအရည်အသွေး မြင့်တက်လာမည်ဖြစ်ကြောင်း မှာကြားပြီး တက္ကသိုလ် ဥပဓိရုပ်နှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။



မန္တလေး ပညာရေးဒီဂရီကောလိပ်တွင် ဘီအီးဒီစာပေးစာယူသင်တန်း (၃/၂၀၂၃) ဒုတိယနှစ် သင်တန်းသား ၇၈၉ ဦး၊ ပုဂ္ဂလိက ဆရာအတတ်ပညာလက်မှတ်သင်တန်း (မူလတန်းအဆင့်) ၃၂၉ ဦးနှင့် အလယ်တန်းအဆင့် ၂၂၀ စုစုပေါင်း ၅၄၉ ဦး တက်ရောက်လျက်ရှိပြီး မန္တလေးတက္ကသိုလ်တွင် အထက်တန်းအဆင့် ၅၄၅ ဦး နှင့် နိုင်ငံတကာသင်ရိုးသင် သင်တန်းသား ၅၀၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မေ ၁၃**

တပ်မတော်တွင် ဆဋ္ဌမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇော်လင်းထွန်းနှင့် ဇနီးဖြစ်သူ အသည်းအလှူရှင် ဒေါ်ခင်ဆွေဝင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ကိုးနာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ (စတုတ္ထအကြိမ်)အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၃

**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၊ ရေထွက်သယံဇာတများ ရေရှည်တည်တံ့အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောပင်နှင့် အရိပ်ရပင်များ (Green Belt)တိုးမြှင့်စိုက်ပျိုးရေး၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးရေး၊ ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများအား ထိန်းသိမ်းရန်အတွက် အရေးကြီးသော Hot Spot နေရာများ သတ်မှတ်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ရေးအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စွန့်ပစ်အမှိုက်များ ပင်လယ်တွင်းရောက်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို ကဏ္ဍအလိုက်ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတကိုမထိခိုက်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါ သယံဇာတထိန်းသိမ်းရေး၊ သုတေသနနှင့် နည်းပညာဖလှယ်ရေး ပူးပေါင်းအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ငါးမဖမ်းရနယ်မြေများ သတ်မှတ်ဆောင်ရွက်ရေး၊ ငါးမဖမ်းရ ရာသီကာလ သတ်မှတ်ရေး၊ တရားမဝင် ငါးဖမ်းဆီးမှုများ ကာကွယ်ရေး၊ သဘာဝမှရရှိသော သယံဇာတများကို မှီခိုထုတ်လုပ်မှု လျော့နည်းစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်း တိုးတက်လာစေရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသရှိ သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝ အင်းအိုင်များ၊ ကျွန်းနှင့်ကျွန်းစုများ ထိန်းသိမ်းကာကွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဟန်ချက်ညီညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် "ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ"ကျင်းပ

**ပဲခူး မေ ၁၃**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီတို့ ပူးပေါင်းကျင်းပသည့် "ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ"ကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။





ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်များအတွက် အသိပညာပေး ဆွေးနွေးရာတွင် ယနေ့ ကျောင်းသား ကျောင်းသူ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ နိုင်ငံ့အကျိုးဆောင်ရွက်ကြရမည့်သူများဖြစ်ကြောင်း၊ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်နှင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး ဆောင်ရွက်ကြမည့်သူများ ဖြစ်ကြ၍ အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတကြွယ်ဝပြီး ဗလငါးတန် ပြည့်ဝ၍ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ၊ လူရည်ချွန် လူရည်မွန်များဖြစ်ရန် လိုအပ်ကြောင်း၊ အသိပညာ၊ အတတ်ပညာ ပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များပြည့်စုံကောင်းမွန်မှသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် အနာဂတ်နိုင်ငံတော်ကို အားကိုးအားထား ပြုနိုင်မည့် သားကောင်းရတနာ ဖြစ်အောင် ငယ်စဉ်ကတည်းက ကြိုးစားတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတ လေ့လာလိုက်စားနိုင်ရေး နိုင်ငံတော်က ဘက်စုံပညာရေးစနစ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် အချိန်မတိုင်မီ ကျောင်းထွက်မှုများပြားပြီး မူလတန်း၊ အလယ်တန်း အဆင့်ဖြင့် ကျောင်းထွက်သွားကြသူ များပြားကြောင်း၊ အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်မှု ရာခိုင်နှုန်းနည်းပါးနေကြောင်း၊ ထို့ကြောင့် ပညာရေးကို မြှင့်တင်ရန် လိုအပ်သဖြင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးတို့ကို ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများ စာပေဘာသာရပ်တတ်မြောက် ကျွမ်းကျင်ရုံမျှသာ မဟုတ်ဘဲ အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝသည့် ဘက်စုံပြည့်ဝထူးချွန်သော လူငယ်များဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်တွင်ကြုံတွေ့နေရသည့် မတည်ငြိမ်မှုများ၊ ဆူပူအကြမ်းဖက်မှုများ၊ ဖျက်ဆီးနှောင့်ယှက်မှုများသည် အသိပညာ စဉ်းစားဆင်ခြင်မှု အားနည်းသူများ၏ အကျိုးဆက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် လူငယ်များ အပါအဝင် တိုင်းရင်းသား ပြည်သူအားလုံး အသိပညာ ပြည့်ဝကြမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ စာပေလေ့လာ ဖတ်ရှုကြရန် လိုအပ်ပြီး ဘဝတစ်လျှောက်လုံး လေ့လာဆည်းပူး သင်ယူသည့် လူအဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်သည့်အတွက် ယနေ့လူငယ်ကျောင်းသား ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း နိုင်ငံတော်အကြီးအကဲက လူငယ်များ အပါအဝင် ပြည်သူများ လက်လှမ်းမီစွာ စာပေလေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ စာပေလေ့လာဖတ်ရှုရေး တိုက်တွန်း အားပေးလျက်ရှိကြောင်း၊ သက်ရှည်ကျန်းမာပြီး နိုင်ငံ့အကျိုးသယ်ပိုးနိုင်ကြမည့် ဗလငါးတန်ပြည့်ဝသည့် လူငယ်များဖြစ်အောင်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်သူများ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့်လုံခြုံရေးအတွက် လိုအပ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုသည်မှာ ယခုမှ ပြဋ္ဌာန်းထုတ်ပြန် အကောင်အထည်ဖော်ခြင်း မဟုတ်ကြောင်း၊ ၁၉၅၉ ခုနှစ်ကရှိပြီးဖြစ်သည့် ဥပဒေကို ၂၀၁၀ ပြည့်နှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ သမိုင်းတွင် ပြည်တွင်း ဆူပူအကြမ်းဖက်မှုများနှင့် ပြည်ပကျူးကျော်ရန်စမှုများကို ပြည်သူများပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာဖြင့်သာ ကာကွယ်ထိန်းသိမ်းခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလည်း တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ် မဟာဗျူဟာကို ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၅နှင့် ၃၈၆အရ နိုင်ငံတော်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်းနှင့် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာကို လေ့လာပြီး လုပ်ဆောင်သင့် လုပ်ဆောင် ထိုက်သည်များကို နိုင်ငံသားတာဝန်အရ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးမလိုလားသူများက အဖျက်အမှောက်မျိုးစုံဖြင့် ဤဥပဒေကို ဝေဖန် တိုက်ခိုက်နေခြင်းအပေါ် သတိထားကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည့်အချိန်တွင် လိုအပ်သည့်အရေအတွက်ဖြင့်သာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်သူများအကြား စိတ်ပူပန်မှုမများကြစေလိုကြောင်း၊ လိုအပ်သည့်အချိန်တွင် နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ကြရမည်ဟူသော စိတ်ထားဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဲခူးတက္ကသိုလ်စာကြည့်တိုက်အတွက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်အေးအေးခိုင်ထံသို့ စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ထောက်ပံ့သည့် အားကစားပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် အခြေခံပညာ ကျောင်းများအတွက် စာအုပ်/စာစောင်များနှင့် ပဲခူးတက္ကသိုလ်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သော အားကစားပစ္စည်းများကို တိုင်းဒေသကြီး ပညာရေးမှူး ဦးမျိုးဝင်းအောင်ထံ ပေးအပ်သည်။

ထို့နောက် ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ နိုင်ငံ့ခေါင်းဆောင်များ ဖြစ်အောင် ကြိုးစားကြရေး တိုက်တွန်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များ၊ တိုင်းဒေသကြီး စာကြည့်တိုက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တက္ကသိုလ်မှဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့်လူငယ်များ၊ နွေရာသီအားကစားသင်တန်းများမှ လူငယ်မောင်မယ်များ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့်တိုက်ပွဲများတွင် ဓာတုအဆိပ်သင့်ဗုံးများ ကြဲချတိုက်ခိုက်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့် တိုက်ပွဲများတွင် တပ်မတော်မှ ဓာတုအဆိပ်သင့်ဗုံးများဖြင့် မေ ၈ ရက်က ကြဲချတိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ မူးမေ့ခြင်းနှင့် အော့အန်ခြင်းဝေဒနာများ ခံစားခဲ့ရကြောင်း ကောလာဟလသတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။




**လုပ်ကြံဝါဒ ဖြန့်ဝေလျက်ရှိ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သရက်ကုန်းကျေးရွာအနီး ဖြစ်ပွားသည့်တိုက်ပွဲများတွင် တပ်မတော်မှ ဓာတုအဆိပ်သင့်ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ ထိခိုက်သေဆုံးမှုများပြားခဲ့သည့် ယခင်တိုက်ပွဲများတွင်လည်း တပ်မတော်မှ ဓာတုအဆိပ်ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့ကြောင်း လုပ်ကြံဝါဒဖြန့်ဝေလျက်ရှိသည်။

**သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လုပ်ကြံရေးသား**

ယခုဖြစ်စဉ်မှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီး ပစ်ခတ်မှု၊ လေကြောင်း တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ထိခိုက်သေဆုံးမှု များပြားလျက်ရှိသည့်အတွက် တရားမဝင် ပြည်ဖျက် မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ရပ်စောက်မြို့ ဗထူးရပ်ကွက်အနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် တင်ထွန်းဦး(ခ)ကိုနိုင် မောင်းနှင်ပြီး မိုးကျော်သူ လိုက်ပါလာသည့် ခြောက်ဘီး မော်တော်ယာဉ်နှင့် ခွန်ကျော်သူ မောင်းနှင်လာသည့် ခြောက်ဘီး မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါ ယာဉ်နှစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide ၁၀၀၀၀ ကီလို (၁၀ တန်)ကို လည်းကောင်း(**အပေါ်ပုံ**)၊ ထို့ပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်မေ ၁၂ ရက်ညနေ ၆ နာရီခွဲတွင်တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်မြို့ရှောင်လမ်းတွင် အိုက်ခုန်းမောင်းနှင်ပြီး စိုင်းခမ်းရှုန် လိုက်ပါလာသည့် HONDA CRV အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃)၊ ကောင်းဆာလမ်းနှင့် လားရှိုး-သိန္နီသွားကားလမ်းမကြီးထောင့်တွင် စိုင်းအွမ်ခမ်း(ခ) အိုက်အွမ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၃) ကောင်းဆာလမ်းရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

# ဂါဇာမြောက်ပိုင်းတွင် နယ်စပ်ဖြတ်ကျော်လမ်းသစ်ဖွင့်လိုက်ပြီဖြစ်ကြောင်း အစ္စရေးကြေညာ

**ဂျေရုဆလင် မေ ၁၃**

ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးပို့နိုင်ရန် ဂါဇာကမ်းမြောင် မြောက်ပိုင်းတွင် နယ်စပ်ဖြတ်ကျော်လမ်းအသစ်ကို ဖွင့်လိုက်ပြီဖြစ်ကြောင်း အစ္စရေးက ပြောသည်။

အမေရိကန်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ကာ နယ်စပ်ဖြတ်ကျော် Western Erez လမ်းသစ်ကို ဖွင့်လိုက်ပြီဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က မေ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အစ္စရေးတပ်ဖွဲ့က ထုတ်ပြန်သော ရုပ်သံဖိုင်တွင် နယ်စပ်ဖြတ်ကျော်လမ်းသစ်ကို ဖြတ်သန်းမောင်းနှင်နေသော ထရပ်ကားယာဉ်တန်းကို ပြသထားသည်။

အစ္စရေးဆိပ်ကမ်း အက်ရှ်ဒေါ့မှ ဂျုံမှုန့်များသယ်ဆောင်လာသော ထရပ်ကား ဒါဇင်ပေါင်းများစွာကို စေလွှတ်လိုက်ပြီ ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။ နယ်စပ်ဖြတ်ကျော် လမ်းသစ်ဖွင့်လိုက်ခြင်းမှာ ဂါဇာကမ်းမြောင်သို့ ထောက်ပံ့ကူညီပေးရေးလမ်းကြောင်းများ တိုးမြှင့်ရေးကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အဆိုပါတပ်ဖွဲ့က ဆက်ပြောသည်။

အစ္စရေးက ၎င်း၏ ထိုးစစ်ဆင်မှုများ ဆက်လက်လုပ်ဆောင်နေသည့်အတွက် ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ ပိုမိုဆိုးရွားလာမှုအပေါ် စိုးရိမ်မှု မြင့်တက်နေချိန်တွင် အဆိုပါလုပ်ဆောင်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်သို့ စက်သုံးဆီနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဝင်ရောက်မလာသည်မှာ ငါးရက်ရှိပြီဖြစ်ကြောင်း သောကြာနေ့တွင် ကုလသမဂ္ဂကလေးများအေဂျင်စီ ယူနီဆက်ဖ်က အစီရင်ခံ ဖော်ပြထားသည်။ ဂါဇာကမ်းမြောင် တောင်းပိုင်းမှ ရာဖာမြို့ရှိ နယ်စပ်ဖြတ်ကျော်လမ်းကို အမြန်ဆုံးပြန်လည်ဖွင့်ရန် အမေရိကန်က အစ္စရေးကို တိုက်တွန်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ဆူဒန်နိုင်ငံ၌ လူပေါင်း ၇ ဒသမ ၁ သန်း စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေရ

**ဂျူဘား မေ ၁၃**

တောင်ဆူဒန်နိုင်ငံ၌ ဧပြီလမှ ဇူလိုင်လအတွင်း လူပေါင်း ၇ ဒသမ ၁ သန်းထက်မနည်းမှာ စားနပ်ရိက္ခာ မလုံလောက်မှု၏ မြင့်မားသည့်အဆင့်တွင် ကြုံတွေ့ရဖွယ်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုအေဂျင်စီက ပြောကြားသည်။

ဆူဒန် အကျပ်အတည်းကြောင့် ဧပြီ ၃၀ ရက်အထိ ဆူဒန်မှတောင်ဆူဒန်နိုင်ငံသို့ဝင်ရောက်လာသူ ၆၅၅၆၈၄ ဦးရှိပြီး ပျမ်းမျှအားဖြင့် တောင်ဆူဒန်နိုင်ငံသို့ နေ့စဉ်ဝင်ရောက်လာသူ ၁၈၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (အိုစီအိတ်ချ်အေ)က မေ ၁၂ ရက်ညနေပိုင်းက ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံ အနောက်အီကွေတိုရီးယား ပြည်နယ်တမ်ဘူရာဒေသ၌ ပဋိပက္ခများ ဖြစ်ပွားနေသည့် အုပ်စုများအကြား အပြန်အလှန် အကြမ်းဖက်မှုများကြောင့် ခန့်မှန်းခြေလူ ၂၆၀၀၀ ခန့်မှာ နေရာပြောင်းရွှေ့ခဲ့ရကြောင်း အိုစီအိတ်ချ်အေက ပြောကြားသည်။

**ဆင်ဟွာ**



## နိုင်ငံတကာသတင်းတိုများ

### စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်း နုတ်ထွက်စာတင်သွင်း

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် ၎င်းနှင့် ၎င်း၏ အစိုးရသည် မေ ၁၅ ရက်တွင် ရာထူးမှနုတ်ထွက်မည်ဟုဆိုကာ ၎င်း၏ နုတ်ထွက်စာကို သမ္မတ သာမန် ရှန်မူဂါရတ်နန်ထံသို့ မေ ၁၃ ရက်က တင်သွင်းလိုက်ကြောင်း သိရသည်။ ထို့ပြင် ၎င်း၏နုတ်ထွက်စာတွင် နောက်ထပ်အစိုးရဖွဲ့စည်းရေးအတွက် လောရင့်စ်ဝေါင်ကို ဖိတ်ခေါ်ရန် သမ္မတကို အကြံပြုထားကြောင်း လီရှန်လွန်းက ပြောသည်။ သာမန်ရှန်မူဂါရတ်နန်က လီရှန်လွန်း၏ နုတ်ထွက်စာကို လက်ခံခဲ့ပြီး လောရင့်စ်ဝေါင်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရသစ်ဖွဲ့စည်းရန် ၎င်းကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပြောသည်။

**ဆင်ဟွာ**

### အင်ဒိုနီးရှားနိုင်ငံ ဟယ်မာဟီရာကျွန်းရှိ အိဘူမီးတောင် ပေါက်ကွဲမှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဟယ်မာဟီရာကျွန်းရှိ အိဘူမီးတောင်သည် မေ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီဝန်းကျင်က ပေါက်ကွဲမှု ဖြစ်ပွားရာ တောင်ထိပ်အထက် မီတာ ၅၀၀၀ အထိ ပြာများ ငါးမိနစ်အကြာ လွင့်စဉ်ခဲ့ကြောင်း နိုင်ငံ၏မီးတောင်နှင့် ဘူမိဗေဒဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီ(ပီဗွီအမ်ဘီဂျီ)က ပြောကြားသည်။ အိဘူမီးတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် မီတာ ၁၃၀၀ ဝန်းကျင်တွင်ရှိပြီး တတိယမြောက် အန္တရာယ်ရှိသော အဆင့်အဖြစ် သတ်မှတ်ထားသည်။ အဆိုပါ မီးတောင်သည် ယခုနှစ်မှစကာ အကြိမ်ရေ ၈၀ ကျော် ပေါက်ကွဲခဲ့ကြောင်း ပီဗွီအမ်ဘီဂျီက ပြောကြားသည်။

**ဆင်ဟွာ**

### ဧပြီလတွင် စင်ကာပူနိုင်ငံသို့ ခရီးသွား ၁ ဒသမ ၃၆ သန်းကျော် ဝင်ရောက်မှုရှိ

ဧပြီလတွင် စင်ကာပူနိုင်ငံသို့ ခရီးသွားစုစုပေါင်း ၁ ဒသမ ၃၆ သန်း ဝင်ရောက်မှုရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း စင်ကာပူခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က ထုတ်ပြန်သော နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဧပြီလတွင် စင်ကာပူနိုင်ငံသို့ ဝင်ရောက်သည့် ခရီးသွားများအနက် ၂၄၄၀၀၀ နီးပါးဖြင့် အများဆုံးဖြစ်ကြောင်း ယင်းနောက်တွင် တရုတ်၊ အိန္ဒိယ၊ မလေးရှားနှင့် ဩစတြေးလျတို့က အများဆုံးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# မုဒုံမြို့နယ်ဒေသထွက် မင်းကွတ်သီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံများနှင့် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ပြီး ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ် မင်းကွတ်သီးများ စတင်ထွက်ရှိချိန်တွင် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မင်းကွတ်သီး ပင်များသည် မြေပြန့်နှင့် မြေသြဇာထက်သန်သော သဲနုန်းမြေပွ၊ ပူအိုက်စိုစွတ်၍ ထိုင်းမှိုင်းသော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်၍ အပင်များကို အစေ့မှ ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ကိုင်းဆက်ကိုင်းကူးနည်းများဖြင့် အကျယ် ၃၀ပေ၊ အနက် ၃ပေ အတွင်းမှ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ ခန့် အကွာ စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်များ စိုက်ပျိုးပြီး ၁၀ နှစ်မှ ၁၂ နှစ် အရွယ်ရောက်ချိန်မှသာ အသီး စတင်ထွက်ရှိ၍ ခူးဆွတ်ရောင်းချနိုင်ပြီး အပင်တစ်ပင်လျှင် သက်တမ်း နှစ် ၄၀ မှ နှစ် ၅၀အထိ ရှင်သန်နိုင်ကာ ပိုးမွှားကင်းစင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း၊ မြို့ပေါ်ဈေးများနှင့် မော်လမြိုင်၊ ပဲခူး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများအပြင် အခြား မြို့နယ်များသို့လည်း တင်ပို့ ရောင်းချရကြောင်း မုဒုံမြို့နယ် ခြံစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။



DOCA(မွန်)

# ပခုက္ကူမြို့ သကြားပြောင်းဖူး ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ သကြားပြောင်းဖူးများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ သကြားပြောင်းဖူး အများဆုံး စိုက်ပျိုးသော ပခုက္ကူကျွန်းရွာများဖြစ်သည့် ကံလှ၊ ကျွန်းညို ကြီး၊ သံပုရာပင်ကုန်းကျေးရွာများနှင့် မြစ်ခြေ၊ ကမ္မမြို့များအပြင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် သင်္ကြန်ပြီးကာလများတွင် ပြောင်းဖူး ဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း၊ စားသုံးသူများ အနေဖြင့် ရာသီမရွေး အလွယ်တကူဝယ်ယူရရှိပြီး ဈေးနှုန်းသင့်တင့်မျှတမှုရှိ၍ ကျန်းမာရေးအထောက်အကူပြု သကြားပြောင်းဖူးကို ဝယ်ယူစားသုံးမှု များပြားကြောင်း သီးနှံဈေးကွက်မှ သိရသည်။

DOCA(မကွေး)

# ငပုတောမြို့နယ်ထွက် တံမြက်စည်းခိုင်ခံ့မှုကောင်း၍ ဝယ်ယူသုံးစွဲသူများ ပိုမိုများပြား

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်လျက်ရှိသည့် လက်မှုလုပ်ငန်းတစ်ခုဖြစ်သော တံမြက်စည်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ရောင်းအားကောင်းမွန်၍ အဆင်ပြေလျက်ရှိသည်။

တံမြက်စည်း ပြုလုပ်ရာတွင် အဓိက လိုအပ်သော ပစ္စည်းမှာ ကိုင်းဘောပင်ဖြစ်ကြောင်း၊ ကိုင်းဘောပင်များသည် ငပုတောမြို့နယ်အတွင်း ဖေဖော်ဝါရီလနှင့်မတ်လတွင် အလေ့ကျပေါက်သော အပင်များဖြစ်ပြီး တံမြက်စည်းပြုလုပ်ရာ၌ အဖူးအပွင့်ခြွေခြင်းနှင့် အရွယ်အစားခွဲခြားခြင်း၊ အရိုးတံချွန်ခြင်း၊ အပြားယုက်ခြင်း၊ လက်ကိုင်ရိုးကြိုးချည်ခြင်း စသည်ဖြင့် အဆင့်ဆင့်ပြုလုပ်ရကြောင်း သိရသည်။

တံမြက်စည်း အချောင်း ၅၀ ပြုလုပ်သည့် ကုန်ကျစရိတ်အနေဖြင့် ကိုင်းဘောတစ်စီး ဝယ်ယူခ ငွေကျပ် ၂၅၀၀၀၊ အရိုးဖျင်ခ ငွေကျပ် ၁၀၀၀၀၊ နိုင်လွန်ကြိုးဖိုး ငွေကျပ် ၅၀၀၀၊ သယ်ယူလုပ်သားခ ငွေကျပ် ၁၀၀၀၀၊ သဘော်တန်ဆာအပါ တင်ချလုပ်သားခ ငွေကျပ် ၅၅၀၀ ဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၅၅၅၀၀ ကုန်ကျကြောင်း၊ တံမြက်စည်းတစ်ချောင်းရောင်းဈေးမှာ ငွေကျပ် ၁၈၀၀ဖြင့် ရောင်းချရပြီး တံမြက်စည်း အချောင်း ၅၀ လျှင် ငွေကျပ် ၉၀၀၀၀ ရရှိ၍ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၃၄၅၀၀ ရရှိကြောင်း၊ တံမြက်စည်း ကုန်ချောများကို ငပုတောမြို့နယ်နှင့် အခြားမြို့နယ်များသို့ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ကိုင်းဘောတံမြက်စည်းကို ခြောက်သွေ့သော နေရာတွင်ထား၍ အသုံးပြုပါက တစ်နှစ်ခန့်ခိုင်ခံ့သောကြောင့် ဝယ်ယူသုံးစွဲသူများ ပိုမိုများပြားလာကြောင်း၊ တံမြက်စည်းလုပ်ငန်းသည် အိုးမကွာအိမ်မကွာ လုပ်ကိုင်နိုင်ပြီး အရင်းအနှီးများစွာ မလိုအပ်သောကြောင့် မိသားစု အပိုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA (ဧရာဝတီ)

# ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ သီးထပ်အဖြစ် နှစ်ကြိမ်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကျေးလက်နေတောင်သူများသည် ကြက်သွန်နီအပြင် ကုလားပဲသီးနှံကို ဒုတိယအများဆုံး စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၌ ကိုင်းကျွန်းမြေနုများတွင် စိုက်ပျိုးသည့် မိုးကြက်သွန်နီ စိုက်ခင်းလွတ်များတွင် ဆောင်းသီးနှံကုလားပဲ သီးထပ်စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း၊ ဆိပ်ဖြူမြို့နယ်အတွင်း ယခင်နှစ်များတွင် ကုလားပဲကို ဆောင်းတစ်ရာသီလျှင် တစ်ကြိမ်သာ စိုက်ပျိုးသော်လည်း ယခုနှစ်တွင် ကြက်သွန်နီ စိုက်ခင်းလွတ်များတွင် စိုက်ပျိုးမှု ပိုမိုများပြားလာကြောင်း သိရသည်။

## ဧက ၇၀၀ ခန့် စိုက်ပျိုးထားရှိ

ဆောင်းသီးနှံကုလားပဲ သီးထပ်စိုက်ပျိုးမှုကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် မိုးကြက်သွန်နီ စိုက်ခင်းများ မတူးဖော်မီ ရက် ၂၀ ခန့်အလိုတွင် ကြက်သွန်ခင်းမြောင်းကြားတွင် ကုလားပဲမျိုးစေ့များကို စူးထိုးအစေ့ချ စိုက်ပျိုးပြီး မတ်လကုန်နှင့် ဧပြီလဆန်းပိုင်းတွင် လှိုင်လှိုင် ရိတ်သိမ်းကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်တွင် ဧက ၅၀၀ ခန့်သာ စိုက်ပျိုးပြီး ယခုနှစ်တွင် ဧက ၇၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

## မြေပြုပြင်စရိတ်သက်သာ

ယခုနှစ်တွင် ကုလားပဲများ အထွက်နှုန်းကောင်းမွန်လျက်ရှိပြီး တစ်ဧကလျှင် ၂၂ တင်းခန့်ထွက်ရှိကြောင်း၊ သွင်းအားစုအမျိုးမျိုး ထည့်သွင်းစိုက်ပျိုးထားရှိသော မိုးကြက်သွန်နီ စိုက်ခင်းသစ်များတွင် သီးထပ်အဖြစ် ထပ်မံစိုက်ပျိုးခြင်းဖြစ်သောကြောင့် မြေပြုပြင်စရိတ် သက်သာ၍ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်သာကုန်ကျကြောင်း သိရသည်။

## နှစ်စဉ်မပြတ်တိုးချဲ့စိုက်ပျိုးလျက်ရှိ

ဧပြီလဆန်းပိုင်းတွင် ကုလားပဲများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ပဲဈေးကွက် အနည်းငယ်ကျဆင်းလျက်ရှိကြောင်း၊ ဆိပ်ဖြူမြို့မှ ထွက်ရှိသည့် ကုလားပဲများကို မြို့ပေါ်ရှိ ပွဲရုံများနှင့် ချောက်မြို့ရှိ ပွဲရုံများသို့ ရောင်းချလျက်ရှိကြောင်း၊ ကုလားပဲသီးနှံသည် ပြည်တွင်းစားသုံးမှု ပိုမိုမြင့်မားလျက်ရှိပြီး ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိခြင်းကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

DOCA(မကွေး)

## ၁၃.၅.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၅၀၀ | ၇၂၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၄၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၅၀ | ၂၀၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၈၈၀၀ | ၁၀၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၁၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၄၅၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၂၄၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၆၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၂၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၄၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၈၀၀ | ၂၄၀၀ | ၁၁၅၀၀ | ၁၂၆၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၆၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ဆောင်ရွက်ပေးမည့် နေပြည်တော်အလင်း (သို့မဟုတ်) နေပြည်တော်အပြုံး

**တွေ့ဆုံမေးမြန်း - ရွှေပင်လယ်(IPRD)၊ ဓာတ်ပုံ - ဟိန်းသူအောင်(ဇမ္ဗူ)**

လူတိုင်းလက်လှမ်းမီသည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လုပ်ငန်းစဉ်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးစားပေး၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals–SDG)တွင် ပါရှိသည့် ကျန်းမာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ပန်းတိုင်အမှတ်စဉ်–၃ ဖြစ်သည့် အသက်အရွယ်မရွေး လူတိုင်းကျန်းမာသည့်ဘဝ ရရှိစေရေးဆိုသည့် ရည်မှန်းချက်ကို ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရေးအတွက် မြန်မာနိုင်ငံအနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မျက်စိနှင့် စိတ်၊ သွားနှင့် ခန္ဓာကိုယ်ဟု ဒွန်တွဲနေမှုကို ပြောကြစမြဲပင်။ ထို့ကြောင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဟု ဆိုကြပါသည်။ ကိုယ်နှင့်စိတ်ကောင်းဖို့ လိုသလို မျက်စိနှင့် သွားကောင်းဖို့လည်း လိုအပ်လှပါသည်။

ခန္ဓာကိုယ်အတွက် လိုအပ်သည့် အစားအစာများတွင် ခန္ဓာကိုယ်ကို ကြီးထွားစေသည့် အစာ၊ အင်အားဖြစ်စေသည့်အစာ၊ ရောဂါကာကွယ်စေသည့် အစာများကို မျှမျှတတစားပေးရပါမည်။ အစားအစာသည် အသက်ရှင်ဖို့ စားသုံးနေရခြင်းဖြစ်ပါသည်။ အသက်ရှင်သန်ဖို့အတွက် အစားအစာများကို စားချင်သည့် ဆန္ဒရှိဖို့လည်း လိုအပ်နေပါသေးသည်။ စားချင်သည့်ဆန္ဒ ဖြစ်ပေါ်လာစေရန် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံဖို့လည်း လိုအပ်ပါသည်။ "သွားကျန်းမာရေး မကောင်းသည့်သူများသည် စိတ်ပိုင်းဆိုင်ရာအားဖြင့် တစ်ခုခုလိုအပ်နေသလို ခံစားကြရကြောင်း" သွားဆရာဝန်များက ဆိုထားပေသည်။

မျက်စိနှင့်သွား၏ အသွင်အပြင်သည် လိုအပ်မှုအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်ပါသည်။ ကြည်လင်သောအလင်းနှင့် တောက်ပသောအပြုံးအတွက် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ဖြစ်လာပြီး မပြည့်စုံသော ခံစားချက်ရရှိလာကြပါသည်။ ထို့ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေထိုင်လျက်ရှိကြသည့် မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် နေပြည်တော်အလင်းနှင့် နေပြည်တော်အပြုံး အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်–

**ဦးမြင့်စိုး နေပြည်တော်ကောင်စီဝင်**



**မေး။ နေပြည်တော်အလင်းနဲ့ နေပြည်တော် အပြုံးအစီအစဉ်ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ပြောကြားစေလိုပါတယ်။**

**ဖြေ။** ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ နေပြည်တော်ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူးရဲ့ နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံး ဆိုပြီး ဆောင်ရွက်မယ့် အစီအစဉ်ဟာ ပြည်သူတွေအတွက် တိုက်ရိုက်အကျိုးရှိတဲ့လုပ်ငန်း ဖြစ်တဲ့အတွက် ကြိုဆိုပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အများပြည်သူရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ထိထိရောက်ရောက် ဆောင်ရွက်ပေးမယ်လို့သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဆေးကုသခံယူတဲ့ ပြည်သူလူထုကိုလည်း အလှူရှင်များရဲ့ ထည့်ဝင်ငွေများနဲ့ အာဟာရများပါ ကျွေးမွေးစောင့်ရှောက်မယ့် အစီအစဉ်ဖြစ်ပါတယ်။

**မေး။ ခွဲစိတ်မယ့်လူနာတွေရဲ့ သွားလာရေးအတွက် စီစဉ်ပေးမယ့် အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ခွဲစိတ်မယ့်လူနာတွေရဲ့ သွားလာရေးအတွက် နေပြည်တော်ကောင်စီရဲ့ပံ့ပိုးမှုနဲ့ နေပြည်တော်အတွင်း မြို့နယ် ရှစ်မြို့နယ်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက သက်ဆိုင်ရာ မြို့နယ်အလိုက် ကြို/ပို့ ကိစ္စများကို ကားစီစဉ်ပြီး ခွဲစိတ်မယ့်စုရပ်နေရာများကို ဝိုင်းဝန်းကူညီ ပို့ဆောင်ပေးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ မျက်စိအတွင်းတိမ်က ခွဲပြီးသွားရင် မှန်ဘီလူးထည့်ရတယ်လို့သိရပြီး ဆေးရုံမှာနားရတယ်လို့ သိရပါတယ်။ လူနာတွေအတွက် အာဟာရနဲ့ လိုအပ်တဲ့ကိစ္စများ ပူးပေါင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**
**နေပြည်တော်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး**



**မေး။ နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံး အစီအစဉ်အဖြစ် ဆောင်ရွက်မယ့် အစီအစဉ်ကိုရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့ပြများနဲ့ ကျေးလက်ဒေသများ အားလုံးမှာ မှီတင်းနေထိုင်ကြတဲ့ မျက်စိအတွင်းတိမ်လူနာများနဲ့ နှုတ်ခမ်းကွဲ/ အာခေါင်ကွဲ လူနာတွေကို အခမဲ့ခွဲစိတ်ကုသပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။ လူတိုင်း လက်လှမ်းမီတဲ့ သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်ပါတယ်။ Universal Health Coverage ကို ကျွန်တော်တို့ သွားချင်တာပါ။ ပြည်သူလူထုရဲ့ အိတ်ကပ်ထဲက စိုက်ထုတ်ရတဲ့ ကုန်ကျစရိတ်တွေသက်သာအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မျက်စိအတွင်းတိမ်က အသက်ကြီးလာရင် ဖြစ်တတ်တဲ့အတွက် အခုလို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲက အရှင်မွေး ၁၀၀၀ မှာ တစ်ယောက် ရှိပါတယ်။ ဒါကြောင့်မို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲတွေကိုလည်း ခွဲစိတ်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

**မေး။ နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံးအဖြစ် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကိုလည်း သိပါရစေ။**

**ဖြေ။** ပထမဆုံးတော့ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲရှိ ကျန်းမာရေးဆရာမတွေက သက်ဆိုင်ရာနယ်မြေဒေသအလိုက်မှာ အသက်ကြီးပြီး မျက်စိခွဲချင်တဲ့ အတွင်းတိမ်လူနာစာရင်းနဲ့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲစာရင်းကို ကောက်ပါတယ်။ ရရှိတဲ့စာရင်းအရ အထူးကုဆရာဝန်တွေနဲ့ တိုင်ပင်ပြီး တစ်လကို လူဦးရေ ဘယ်လောက်ခွဲပေးနိုင်မလဲဆိုတဲ့အပေါ် မူတည်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ မျက်စိခွဲစိတ်ဖို့အတွက် နေပြည်တော်အတွင်း ဘယ်ဆေးရုံတွေမှာ ခွဲစိတ်ပေးမှာပါလဲ။**

**ဖြေ။** မျက်စိခွဲစိတ် စစ်ဆေးပေးနိုင်တာက နေပြည်တော်ကုသရေး ဦးစီးဌာန လက်အောက်မှာရှိတဲ့ နေပြည်တော်ပြည်သူ့ဆေးရုံ ခုတင် ၃၀၀၊ ပျဉ်းမနားပြည်သူ့ဆေးရုံ ခုတင် ၂၀၀ တို့မှာ ခွဲစိတ်ပေးမှာ ဖြစ်ပါတယ်။ ဒီ ခုတင် ၃၀၀ နဲ့ ခုတင် ၂၀၀ မှာ မနိုင်တဲ့ ကိစ္စမျိုး၊ လူများတယ်ဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ/ဗဟိုအဆင့် ဆေးရုံဖြစ်တဲ့ ဥတ္တရသီရိမြို့နယ်မှာရှိတဲ့ ခုတင် ၅၀၀ ကို လွှဲပေးပြီး ခွဲစိတ်မှာဖြစ်ပါတယ်။ ဒီ ခုတင် ၃၀၀၊ ခုတင် ၂၀၀ နဲ့ ခုတင် ၅၀၀ ဆေးရုံတွေက အထူးကုဆရာဝန်တွေက အခမဲ့ ခွဲစိတ်ကုသပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။

**မေး။ နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံးအစီအစဉ်မှာ မျက်စိအတွင်းတိမ်နဲ့ နှာခေါင်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်မယ့်အရေအတွက် ဘယ်လောက်လောက် ခွဲစိတ်ပေးမှာပါလဲ။**

**ဖြေ။** မျက်စိ အတွင်းတိမ်ခွဲမယ့်စာရင်းက ၁၈၂ ဦးနဲ့ နှုတ်ခမ်းကွဲ/ အာခေါင်ကွဲစာရင်းက ၄၈ ဦး ရရှိပြီးဖြစ်ပါတယ်။ စာရင်းကောက်တာကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေမှာဖြစ်ပါတယ်။ လစဉ်ဆောင်ရွက်ပြီး ရေရှည်သွားမှာဖြစ်တဲ့အတွက် လူဦးရေကန့်သတ်မထားပါဘူး။

**မေး။ မျက်စိ စပြီးခွဲစိတ်မယ့် အချိန်က ဘယ်အချိန်လောက်ဖြစ်မလဲ။**

**ဖြေ။** မေလ ၁၄ ရက်နေ့ကစပြီး ခွဲစိတ်မှာ ဖြစ်ပါတယ်။ တစ်ကြိမ်ပြီးတစ်ကြိမ် ခွဲစိတ်မယ့် လူဦးရေကို ကြေညာသွားမှာ ဖြစ်ပါတယ်။

**မေး။ နေပြည်တော်အပြုံး အစီအစဉ်နဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** နေပြည်တော်အပြုံး ခေါင်းစဉ်အောက်မှာ ခွဲစိတ်မယ့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာက မျက်စိခွဲမယ့်လူနာထက်စာရင် နည်းပါတယ်။ နေပြည်တော်အလင်း အစီအစဉ်ကို အရင်ဆောင်ရွက်ပြီးမှ နေပြည်တော်အပြုံး အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရရှိပြီးတဲ့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာစာရင်းကိုပဲ နေပြည်တော်အပြုံး ဆိုတဲ့ အစီအစဉ်နဲ့ ခွဲစိတ်ပေးမှာ ဖြစ်ပါတယ်။

**မေး။ သွားနဲ့ပတ်သက်ပြီး တခြားဆောင်ရွက်ပေးမယ့် အစီအစဉ်ကိုလည်း သိပါရစေ။**

**ဖြေ။** သွားမကောင်းတဲ့သူတွေအတွက် အံကပ် တပ်ပေးမယ့်အစီအစဉ်လည်းရှိပါတယ်။ အံကပ်တွေကိုလည်း အခမဲ့တပ်ပေးမှာ ဖြစ်ပါတယ်။ အလှူရှင်ရှိရင် ရှိသလိုလည်း ထပ်တိုးတပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အံကပ်က တစ်လကို လူဦးရေ ၈၀ လောက်တော့ အံကပ်တပ်ပေးနိုင်ပါတယ်။

**မေး။ လက်ရှိ စာရင်းကောက်ပြီးတဲ့အထဲ မပါသေးဘဲ နောက်ထပ် စာရင်းပေးလိုတဲ့ ပြည်သူတွေအတွက်ကို ဘယ်လိုသတင်းစကား ပါးလိုပါသလဲ။**

**ဖြေ။** နေပြည်တော်အလင်းနဲ့ နေပြည်တော်အပြုံး အစီအစဉ်အဖြစ် လစဉ် အကြိမ်ကြိမ်ခွဲစိတ်ပေးနေမှာဖြစ်တဲ့အတွက် ခွဲစိတ်လိုတဲ့ လူနာတွေအနေနဲ့ နေပြည်တော်အတွင်း မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ မြို့နယ်ပြည်သူ့ ဆေးရုံများနဲ့ မြို့နယ်အလိုက် သက်ဆိုင်ရာကျေးလက် ကျန်းမာရေးဌာန/ ဌာနခွဲများမှာ စာရင်းပေးလို့ရပါကြောင်း ပြောကြားလိုပါတယ်။ ။

---

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦး တွေ့ရှိ

(၁၃-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၅–၅–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂–၅–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၈၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

## သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၄၁၉ အိတ်၊ တန်ဖိုးငွေကျပ် ၅၆၅ ဒသမ ၀၃ သိန်းနှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၄၀၅ ပိဿာ၊ တန်ဖိုးငွေကျပ် ၆၀ ဒသမ ၇၅ သိန်း၊ ပဲပိစပ်ဆီ ပိဿာ ၁၃၀၊ တန်ဖိုးငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၆၃၈ ဒသမ ၇၈ သိန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိသမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အတန်းပညာနှင့်အတူ အတတ်ပညာပါ လေ့လာဆည်းပူးနိုင်ဖို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်ကြပါစို့

ကျောင်းသား ကျောင်းသူများ စနစ်တကျ စီတန်းစိုက်ပျိုးထားသော သီးပင်စားပင်များနှင့် တစ်ထပ်စာသင်ဆောင်များသည် အလွန်ပင် ပနံရလှသည်။ ထို့ပြင် သင်ထောက်ကူပစ္စည်းများ၊ စာသင်ခန်းအတွင်း ဆရာ ဆရာမများ၏ စာသင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားစွာ လိုက်ပါဆွေးနွေး သင်ယူနေမှုတို့မှာလည်း ဆရာနှင့် တပည့်တို့အကြား အပေးအယူမျှ Harmony ဖြစ်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးအထက်တန်းကျောင်း (ညောင်နှစ်ပင်)တွင် ဖြစ်သည်။

ကေတာ

စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး ပညာရပ်များကို မြန်မာလူငယ်တို့အကြား ပြန့်ပွားစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေရေးအတွက် မြန်မာတစ်နိုင်ငံလုံး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေးဘာသာရပ်နှင့် မွေးမြူရေးဘာသာရပ်တို့ကို တွဲဖက်သင်ကြားစေခဲ့ခြင်းဖြစ်သည်။



### ၁၀၂၂ ဦး ဖြေဆိုအောင်မြင်ခဲ့

အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေးအထူးပြုဘာသာရပ်နှင့် မွေးမြူရေးအထူးပြုဘာသာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-10 သင်ရိုး စိုက်ပျိုးရေးအထူးပြုဘာသာရပ်ဖြင့် ၁၀၂၂ ဦး ဖြေဆိုအောင်မြင်ခဲ့သည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၏ Grade-10 သင်ရိုးတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ပေါင်းစပ်သိပ္ပံ (ဓာတု+ရူပ)နှင့် စိုက်ပျိုးရေးအထူးပြုဘာသာရပ်များအဖြစ် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၁)တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၂)တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒဘာသာရပ်၊ ကွင်းလက်တွေ့လေ့ကျင့်ခြင်းဘာသာရပ်တို့ကို စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပေးလျက်ရှိသည်။

Grade-11 သင်ရိုးတွင် စာပေအထောက်အကူပြု ဘာသာရပ်များအပြင် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (၁) တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၂) တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒဘာသာရပ်၊ အခြေခံကွန်ပျူတာသိပ္ပံဘာသာရပ်၊ ကွင်းလက်တွေ့လေ့ကျင့်ခြင်းဘာသာရပ်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

Grade-12 သင်ရိုးစာပေအထောက်အကူပြုဘာသာရပ်အဖြစ် မြန်မာစာနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (၁) တွင် လယ်ယာသီးနှံဘာသာနှင့် မွေးမြူရေးဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (၂) တွင် ဥယျာဉ်ခြံသီးနှံဘာသာနှင့် မြေဆီလွှာသိပ္ပံဘာသာရပ်၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး(၃) တွင် စိုက်ပျိုးရေးရုက္ခဗေဒဘာသာနှင့် လယ်ယာသုံးစက်ကိရိယာဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် လယ်ယာသုံး စက်ကိရိယာဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ်တွင် အပင်ရောဂါဗေဒဘာသာနှင့် ကိမိလဗေဒဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်တွင် စိုက်ပျိုးစီးပွားဘာသာရပ်နှင့် စိုက်ပျိုးရေးပညာပေးဘာသာရပ်၊ အခြေခံကွန်ပျူတာသိပ္ပံဘာသာရပ်၊ ကွင်းလက်တွေ့ လေ့ကျင့်ခြင်းဘာသာရပ်တို့ကို သင်ကြားပေးမည်ဖြစ်သည်။

### မတိမ်ကောတဲ့ ပညာရပ်တွေ

"Grade-12 အောင်မှ စိုက်ပျိုးရေးတက္ကသိုလ်တက်ရမယ်ဆိုတာကို အခုတော့ ပေါင်းကူးအနေနဲ့ အတန်းပညာ၊ အတတ်ပညာရပ်တွေ လေ့လာသင်ယူခွင့်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးရေးအခြေခံထားတဲ့နိုင်ငံဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုပါတယ်။ မတိမ်ကောတဲ့ ပညာရပ်တွေလို့မြင်မိပါတယ်။ ပြီးတော့ အခွင့်အလမ်းတွေလည်း များစွာရရှိမယ်လို့ ယုံကြည်တဲ့အတွက် တက်ရောက်ဖြစ်တာ ဖြစ်ပါတယ်"ဟု စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသားတစ်ဦးက ပြောကြားသည်။

သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတည်းဖြတ်ရေးအဖွဲ့၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတည်းဖြတ်ရေးအဖွဲ့၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းစိစစ်အတည်ပြုရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်းအထိ ရှိလာမည်ဖြစ်သည်။

အဆိုပါကျောင်းများသည် ကချင်ပြည်နယ်တွင် လေးကျောင်း၊ ကယားပြည်နယ်တွင် တစ်ကျောင်း၊ ကရင်ပြည်နယ်တွင် နှစ်ကျောင်း၊ ချင်းပြည်နယ်တွင် နှစ်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ငါးကျောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ခြောက်ကျောင်း၊ မကွေးတိုင်းဒေသကြီးတွင် ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၀ ကျောင်း၊ မွန်ပြည်နယ်တွင် လေးကျောင်း၊ ရခိုင်ပြည်နယ်တွင် ငါးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁ ကျောင်း၊ ရှမ်းပြည်နယ်တွင် ၁၅ ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်ကျောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် လေးကျောင်း တည်ရှိမည်ဖြစ်သည်။

"တက်ရောက်လိုတဲ့သူတွေအနေနဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်လက်တွေ့လုပ်ငန်းတွေ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျန်းမာရေးကောင်းမွန်တဲ့သူဖြစ်ရပါမယ်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ Grade-9 အောင်မြင်တဲ့သူတွေ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ Grade-9 အောင်မြင်ခဲ့တဲ့သူတွေ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ Grade-10 အောင်မြင်တဲ့သူတွေ ဒါမှမဟုတ် ကျရှုံးသူ၊ ရပ်နားထားသူတွေကို သတ်မှတ်ဦးရေအပေါ် မူတည်ပြီး ဦးစားပေးတက်ရောက်နိုင်မှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

*စာမျက်နှာ ၁၈ သို့*

- ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်းအထိ ရှိလာမည်
- ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် ယခုနှစ် မေလ ၁၀ ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး မေလ ၁၉ ရက်နေ့နောက်ဆုံးထား၍ တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်





# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

မောင်တည်ကြည်

*(ယမန်နေ့မှအဆက်)*

**ပြည်တွင်းပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း**

၂၀၂၃ ခုနှစ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း၊ အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံများအနက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ (SIAA) နှင့်လည်းကောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးနိုင်ခြင်းတို့အပြင် နိုင်ငံတကာ၌ကျင်းပသည့် အစည်းအဝေးများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ In Person ဖြင့် ခြောက်ကြိမ် ပါဝင်တက်ရောက်နိုင်ခြင်း၊ Virtual Format ဖြင့် ကိုးကြိမ် တက်ရောက်နိုင်ခဲ့ပါသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သည့်အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြည်ပသင်တန်းများ တက်ရောက်ခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အနေဖြင့်လည်းကောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်အတွက် ရည်ရွယ်၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း မိတ်ဖက်နိုင်ငံအဖွဲ့အစည်းများမှ ဖိတ်ကြားလာသည့် သင်တန်းများသို့ ကော်မရှင်ရုံးရှိ ဝန်ထမ်းများအား စေလွှတ်တက်ရောက်စေခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း In Person ဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်း နှစ်ကြိမ်၌ သင်တန်းသား သုံးဦးအား ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ခဲ့ပြီး Online စနစ်ဖြင့် ဖွင့်လှစ်ခဲ့သည့် ပြည်ပသင်တန်း ၁၀ ကြိမ်၌ သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့ပါသည်။

**ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း**

ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက် ပြည့်ဝစေရန်အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ဖွင့်လှစ်သော သင်တန်း ၅၀ သို့ သင်တန်းသား ၁၀၀ အား စေလွှတ်တက်ရောက်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်ရုံး၌ ဖွင့်လှစ်သည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း လေးခု၌ သင်တန်းသား ၁၃၈ ဦးအား သင်ကြားပို့ချခဲ့ပါသည်။

**ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်(Capacity Building) မြှင့်တင်ရန်၊ ဝန်ထမ်းများ၏ လေ့လာမှုနှင့် စာဖတ်စွမ်းရည်မြင့်မားလာစေရန်၊ အများရှေ့တွင် တင်ပြနိုင်မှု စွမ်းရည် (Presentation Skill) မြှင့်တင်ရန်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးနိုင်ရန်အတွက် **"ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး"** ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption– UNCAC) ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန်၊ UNCAC ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ဆက်စပ်ဥပဒေများအား သိရှိနားလည်စေရန်နှင့် UNCAC အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်၏ မြန်မာနိုင်ငံအပေါ် အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအား သိရှိနိုင်ရန် ရည်ရွယ်၍ ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ခြောက်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**၂၀၂၃ ခုနှစ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း**

**ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဆိုပါ မဟာဗျူဟာစီမံချက်အပေါ်မူတည်၍ ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် အချက် ၅၂ ချက်ဖြင့် ရေးဆွဲခဲ့ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ၄၇ ချက်၊ ၉၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အချက်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု တင်ပြထားပါသည်။**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကဏ္ဍအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများအား ကျောင်းသားလူငယ်များမှစတင်၍ ရရှိရန်အတွက် ဆရာကိုင်စာအုပ်များနှင့် ရည်ညွှန်းစာစောင်များအား အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များသို့ ဖြန့်ဝေနိုင်ခဲ့သဖြင့် ကျောင်းသားလူငယ်များအတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေနှင့် ကော်မရှင်ရုံးခွဲများ တည်ရှိရာမြို့များရှိ အခြေခံပညာကျောင်းများ၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လူငယ်စကားဝိုင်းများနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။


အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာကဏ္ဍများတွင်လည်း ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု မြင့်မားလာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းကြောင့် စီးပွားရေးကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ခံယူချက်များ၊ အသိအမြင်များ ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။


ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှကြီးမှူး၍ "အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပသည့် လူမှုကြော်ငြာပြိုင်ပွဲတွင် အသိပညာပေးပိုစတာနှင့် ဗီဒီယိုပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏ စိတ်ပါဝင်စားမှုကို နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကော်မရှင်သည် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ ဟန်ချက်ညီညီချဉ်းကပ်ပြီး အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်မူဝါဒများနှင့်ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေး အကျိုးအမြတ် ရယူဆောင်ရွက်မှုများ၊ နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှုကျူးလွန်သည့် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်**

အဆိုပါပြိုင်ပွဲသို့ လူငယ်မျိုးဆက်သစ်များစွာ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ လူငယ်များ၏ စိတ်ပါဝင်စားမှုကို သိရှိခဲ့ရပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သကဲ့သို့ ပြိုင်ပွဲတွင် ဆုရရှိသူများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပသည့် (၂၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ နိုင်ငံတော်အဆင့်အသိအမှတ်ပြု ဆုချီးမြှင့်နိုင်ခဲ့သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုလေးစားတန်ဖိုးထားသည်ကို ထုတ်ဖော်ပြသနိုင်ခဲ့ပါသည်။

ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းတာဝန် ၃ ရပ်နှင့် လုပ်ငန်းအစီအစဉ် ၆ ရပ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအစီအစဉ် ၆ ရပ်တွင် ပါဝင်သည့် လုပ်ငန်းလမ်းညွှန်များနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများ ရေးဆွဲရန် ကျန်ရှိသည့်ဌာနများအား ရေးဆွဲဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းမှုအရ ၂၀၂၃ ခုနှစ်အတွင်း CPU ဖွဲ့စည်းထားသည့် ဌာနများတွင် ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။




*စာမျက်နှာ ၁၈ သို့*



*စာမျက်နှာ ၁၆ မှ*

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ စိုက်ပျိုးရေးအတတ်ပညာ သုံးနှစ်သင်တန်းအောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ၊ အစိုးရစက်မှုလက်မှုသိပ္ပံ ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ သုံးနှစ်သင်တန်းအောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ၊ ငါးလုပ်ငန်းသိပ္ပံ ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်မြင်ပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပထမနှစ်သို့လည်းကောင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

**ဇွန်လ ၃ ရက်နေ့တွင် ဖွင့်လှစ်မည်**

ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ယခုနှစ်မေလ ၁၀ ရက်နေ့မှစတင်ထုတ်ယူနိုင်ပြီး မေလ ၁၉ ရက်နေ့ နောက်ဆုံးထား၍ တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်ကာ ကျောင်းများကို ဇွန်လ ၃ ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

"ကလေးတွေအတွက် အခွင့်အလမ်းသစ်တွေကို ဖွင့်လှစ်ပေးလိုက်တာဖြစ်ပါတယ်။ ဒီကျောင်းက သုံးနှစ်သင်တန်းပြီးတာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ လက်မှတ်ရရှိပြီဖြစ်ပါတယ်။ ထူးချွန်ရင် အစိုးရစက်မှုလက်မှုသိပ္ပံ၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံတွေမှာ ဆက်လက်တက်ရောက်နိုင်ပြီး ဒီထက်ထူးချွန်ရင် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေမှာ တက်ရောက်ခွင့်ရမှာ ဖြစ်ပါတယ်။ သူတို့ဘဝအတွက် များစွာအထောက်အကူပြုစေတဲ့ကျောင်းဖြစ်တယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်"ဟု အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးက ပြောကြားသည်။


အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသည် အသက်မွေးအတတ်ပညာများကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ မြန်မာကျောင်းသားလူငယ်တို့အတွက် သင်ယူမှု အခွင့်အလမ်းသစ်တို့ မွေးဖွားပေးရာ နေရာလည်းဖြစ်သည်။


လူငယ်များအတွက် အတန်းပညာနှင့်အတူ အသက်မွေးအတတ်ပညာတို့ကိုပါ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးသည့် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ နိုင်ငံအနှံ့ ဖွင့်လှစ်ခြင်းသည် နိုင်ငံအတွက် အားထားရမည့် စွမ်းရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်းလည်း ဖြစ်သည်။

နိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် ကျွမ်းကျင်လူငယ်လုပ်သားလူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများမှ မွေးထုတ်ပေးတော့မည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်ဖို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း တက်ရောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

*စာမျက်နှာ ၁၇ မှ*

၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှိုင်းယှဉ်ဖော်ပြထားရှိမှုမှာ-




အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်းအားဖြင့် အဂတိလိုက်စားမှုများကို လျှော့နည်းကျဆင်းစေမည်ဖြစ်သောကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများကိုလည်း မှန်ကန်စွာသုံးသပ်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီနှင့်လမ်းညွှန်မှုများ ပြုပေးသင့်ပါကြောင်း သုံးသပ်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားဖောက်ဖျက်၍ ယုံကြည်စွာ အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံးစွဲခြင်း၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုတို့ကို ထိခိုက်နစ်နာဆုံးရှုံးခြင်းအထိ ပါဝင်ပါတယ်။ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်သည့်အပြင် ဆုံးရှုံးနစ်နာမှုများကို ပြန်လည်ရရှိအောင် တာဝန်ယူဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်ဘဏ္ဍာထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူတစ်ဦးချင်း နစ်နာမှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်တင်ပြချက်များ**

၂၀၂၃ ခုနှစ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း၊ အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံများအနက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ (State Inspection and Anti–Corruption Authority–SIAA) နှင့်လည်းကောင်း နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နိုင်ငံတကာ၌ ကျင်းပသည့် အစည်းအဝေးများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ In Person ဖြင့် ခြောက်ကြိမ် ပါဝင်တက်ရောက်နိုင်ခြင်း၊ Virtual Format ဖြင့် ကိုးကြိမ်တက်ရောက်နိုင်ခဲ့ပါသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သည့် အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ခဲ့သောကြောင့် ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း တင်ပြထားသည်ကို တွေ့ရှိရပါသည်။

**၂၀၂၄ ခုနှစ် ရှေ့လုပ်ငန်းအစီအစဉ်**

ကော်မရှင်သည် ၂၀၂၄ ခုနှစ်တွင် အဂတိလိုက်စားမှုအသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်-

(က) ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး
(ခ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး
(ဂ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး
(ဃ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ရေး
(င) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး
(စ) ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး
(ဆ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး
(ဇ) အမြဲမပြတ်စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး
(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ် ချမှတ်ရေး
(ည) ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး

ကော်မရှင်သည် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ ဟန်ချက်ညီညီချဉ်းကပ်ပြီး အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်မူဝါဒများနှင့်ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရယူဆောင်ရွက်မှုများ၊ နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှု ကျူးလွန်သည့် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့ကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပြည်သူလူထုအားလုံးနှင့်ပူးပေါင်း၍ အဂတိကင်းစင်သည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ ။

# နိကာယ်စာမေးပွဲကျင်းပမည်

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၄ ခုနှစ် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်မှ ၅ ရက်အထိ (၂၀၂၄ ခုနှစ်၊ ဇွန် ၇ ရက်မှ ၁၁ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ရာ ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့် ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အစိုးရကတည် အကြမ်းဖက်သမားကဖျက်နဲ့ တိုးတက်ဖို့ဝေးနေတဲ့ မြန်မာပြည်မှ လမ်း၊ တံတားများ"** ခေါင်းစဉ်ဖြင့် မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မိဘများ၏အတ္တစွဲကြောင့် စာသင်ကျောင်းနှင့် ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ပြည့်ဖြိုးအောင်(ဂိုး)တို့ကို နိုင်ငံခြားသားကစားသမားသုံးဦးနှင့် တွဲဖက်အသုံးပြုခဲ့ပြီး GFA အသင်းကလည်း ဇော်လင်း၊ လှဖုန်းဦး၊ ဘမ်ဘာတို့ဖြင့် လူစုံခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲအစ ၁၂ မိနစ်မှာပင် နောက်ခံလူ ဟိန်းဇေယျာလင်း သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ရန်ကျော်ထွေးက ဒုတိယဂိုးသွင်းယူပေးသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲခဲ့ပြီး ရန်ကုန်အသင်းအတွက် တတိယအနိုင်ဂိုးကို ၈၆ မိနစ်တွင် လမင်းထွေးက သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲတွင် မဟာယူနိုက်တက်အသင်းပိုင်ရှင် ချစ်မျိုးထိုက် (ခ) ဖိုးချစ် လူစားဝင်ကစားခဲ့ပြီး အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုး သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၃၈ မိနစ်တွင် အောင်လှိုင်ဝင်း၊ ၅၀၊ ၉၀ မိနစ်တွင် ချစ်မျိုးထိုက် (ခ) ဖိုးချစ်၊ ၅၆ မိနစ်တွင် Txmu Pong Aum နှင့် ၆၄ မိနစ်တွင် အာကာကျော်တို့က သွင်းယူခဲ့သည်။ အုပ်စု (က) တွင် ရန်ကုန်အသင်းက ခုနစ်ပွဲကစား ရမှတ် ၂၁ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး မဟာယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ GFA အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ တက္ကသိုလ်အသင်းက ခုနစ်ပွဲကစား ခြောက်မှတ်၊ ရွှေပြည်သာအသင်းက ပွဲကုန်ရှစ်ပွဲကစား သုံးမှတ်ရရှိခဲ့သည်။

မေ ၁၄ ရက် **(ယနေ့)** တွင် အုပ်စု (ခ) ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Rainbow အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

◆ *ကျောဖုံးမှ*

ဘိုချန်အသင်းသည် အသင်းမှ ခံစစ်ကစားသမား ပတ်စ်လက်ခ်ပွဲချိန် ၁၅ မိနစ်တွင် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့နောက်တွင် ဘိုချန်အသင်းသည် ပွဲချိန်တစ်လျှောက် လေဗာကူဆင်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် စုစုပေါင်း သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။

ပြိုင်ဘက် လေဗာကူဆင်အသင်းက ဘိုချန်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့်ပေါင်း ၂၉ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်တွင် ငါးကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ လေဗာကူဆင်အသင်းသည် ရာသီသိမ်းပွဲစဉ်အဖြစ် လာမည့်စနေနေ့တွင် အော့စ်ဘတ်အသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် လေဗာကူဆင်အသင်းအနေဖြင့် မရှုံးနိမ့်အောင်ကစားနိုင်ပါက ဘွန်ဒက်စ်လီဂါ သမိုင်းတစ်လျှောက်တွင် ရှုံးပွဲမရှိ အမှတ်ပေး ဖလားဆွတ်ခူးနိုင်သည့် ပထမဆုံးအသင်း ဖြစ်လာဖွယ်ရှိနေသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ၁၉၈၆-၁၉၈၇ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ်တို့တွင် ဘွန်ဒက်စ်လီဂါအမှတ်ပေး ဖလားဆွတ်ခူးရာ၌ တစ်ပွဲစီ ရှုံးနိမ့်ထားကြောင်း သိရသည်။

လေဗာကူဆင်အသင်းသည် မေ ၂၂ ရက်တွင် ယူရိုပါလိဂ်ဗိုလ်လုပွဲအဖြစ် အတ္တလန္တာအသင်းနှင့်လည်းကောင်း၊ မေ ၂၆ ရက်တွင် ဂျာမန်ဖလား ဗိုလ်လုပွဲအဖြစ် ကိုင်ဇာစလော့တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည်။

**အောင်ဇော်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။
## ရေကိုမြန်မြန်ချိုးပြီး၊ ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ပိုက်ခေါင်းပိတ်ထားပါ။

### နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၃-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၄.၆ | ၁၁၂.၃ |
| ၂။ | မြင်းခြံ | ၄၃.၀ | ၁၀၉.၄ |
| ၃။ | ညောင်ဦး | ၄၃.၀ | ၁၀၉.၄ |
| ၄။ | မကွေး | ၄၃.၀ | ၁၀၉.၄ |
| ၅။ | တောင်တွင်းကြီး | ၄၃.၀ | ၁၀၉.၄ |
| ၆။ | အောင်လံ | ၄၂.၇ | ၁၀၈.၉ |
| ၇။ | မြင်းမူ | ၄၂.၅ | ၁၀၈.၅ |
| ၈။ | ပြည် | ၄၂.၄ | ၁၀၈.၃ |
| ၉။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၂.၃ | ၁၀၈.၁ |
| ၁၀။ | ဆင်ဖြူကျွန်း | ၄၂.၃ | ၁၀၈.၁ |
| ၁၁။ | ကျောက်ဆည်(လွန်ကျော်) | ၄၂.၂ | ၁၀၈.၀ |

### ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၃ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၄၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၇၀ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၆၀ ကျပ် | ၂၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၆၅ ကျပ် | ၂၈၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၅၁၂ | ၄၄၅၄၆၀၀ |
| MTSH | ၂၉၅၀ | ၂၈၅၀ | ၁၂၃၈ | ၃၅၉၁၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၁၅၁ | ၂၃၃၁၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆ | ၁၆၂၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၅၀၂ | ၈၅၃၁၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၂၁၅၀ | ၂၂၀၀ | ၁၀၀၉ | ၂၁၈၀၇၅၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၇၂)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ/နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ ၂၂-၅-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၀၆၀၀ နာရီ နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင်လေးရပ် လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး

(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး

(ဂ) ကျုံးနောက်ဘက်(နောက်ပြင်)၊ လမ်း၈၀ အတိုင်း သံဃာတော် (၂၅၆၈)ပါး

(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး

၂။ သို့ဖြစ်ပါ၍မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၈ နှစ် အထိမ်းအမှတ် သံဃာတော်(၁၀၂၇၂)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ(၁၉-၅-၂၀၂၄) ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည် -

(က) ဦးသက်နိုင်ထွန်း ဖုန်းနံပါတ် ၀၉ - ၄၀၂၀၀၁၀၆၉

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် ၀၉ - ၉၇၀၈၂၃၆၈၈

(ဂ) ဦးစိုးလှမြင့် ဖုန်းနံပါတ် ၀၉ - ၅၁၂၀၅၂၀

(ဃ) ဦးတင်မောင်စိုး ဖုန်းနံပါတ် ၀၉ - ၂၅၀၈၆၂၁၅၈

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## တင်ဒါခေါ်ယူခြင်း

၁။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား၊ ပေါင်းကူးလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ (၃ ဒသမ ၅၀၈) ဧကတွင် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် (၄)ခန်းတွဲ (၆)ထပ်တိုက် RC အဆောက်အအုံ (၂၀)လုံးအား ဆောက်လုပ်မည်ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၅-၂၀၂၄ ရက်မှ ၁၄-၆-၂၀၂၄ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၁-၆-၂၀၂၄ ရက် (သောကြာနေ့)

၅။ တင်ဒါပွဲကျင်းပမည့်ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း-၀၉ ၈၉၁၈၀၃၀၆၉ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကိုဗိုလ်တထောင်မြို့နယ်၊ကုန်သည်လမ်း၊အမှတ်(၃၉၉)၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင်ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၀၉ - ၈၉၁၈၀၃၀၆၉ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြု ဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဒီဇယ်ဆီ၊ ကျောက်ရွယ်စုံ၊ သဲနှင့် အခြား လုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - (၂/၂၀၂၄-၂၀၂၅)

၁။ **တင်ဒါပုံစံရောင်းချမည့် ရက်/အချိန်** - ၁၅-၅-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)မှ - ၂၄-၅-၂၀၂၄ ရက် (သောကြာနေ့)အထိ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀) နာရီအထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့ ဖုန်း-၀၈၂-၂၉၃၈၂၃၄၊ ဖုန်း- ၀၉-၈၉၉၂၅၀၄၆၂

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇ - ၅ -၂၀၂၄ ရက် (တနင်္လာနေ့) ညနေ (၁၆:၃၀) နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈ - ၅ -၂၀၂၄ ရက် (အင်္ဂါနေ့) နံနက်(၀၉:၃၀) နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့ ဖုန်း-၀၈၂-၂၉၃၈၂၃၄၊ ဖုန်း- ၀၉-၈၉၉၂၅၀၄၆၂

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/88165, Kenbo Gravita-110, ယာဉ်လက်ဝယ်ရှိသူ San Chain Co.,Ltd မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/79345, Honda Scoopyi-110, ယာဉ်လက်ဝယ်ရှိသူ Jia Fa Group Co.,Ltd မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/17726, Dayang -110, ယာဉ်လက်ဝယ်ရှိသူ Arr Shin Co.,Ltd မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၄)၊ ငမိုးရိပ်(၄)လမ်း၊ အမှတ်(၅၉၇)၊ ၄-လွှာ၊ တတိယထပ်(ခေါင်းရင်း)၊ တိုက်မျက်နှာမူ(ဝဲ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးဖြိုးကိုကိုဝင်း ၁၂/သဃက(နိုင်)၁၈၁၁၁၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးချစ်ကောင်းထက်အောင် ၁၄/အဂပ(နိုင်)၁၆၈၃၂၃က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)

**ဒေါ်ခင်စောသိန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄/စီ)၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ ခြံအမှတ်(၁၅၀)၊ မြေကွက်အမှတ် (၁၆/ A[၃၃])၊ အကျယ်အဝန်း (၀.၀၆၀၈ဧက)ရှိ ဒေါ်သန်းရီ (၁၂/ ရကန(နိုင်) ၀၂၃၅၀၁) အမည်ပေါက် မြေပိုင်မြေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းရီကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်စပယ်ထွန်း (၁၂/သလန(နိုင်)၀၂၉၅၀၈) နှင့် ဦးထွန်းထွန်းဦး(၁၂/ ရကန(နိုင်) ၀၂၃၅၀၄) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် မြေကွက် အမှတ် (ပ-၂၂၀၁၂) အစား (ပ-၂၂၈၁၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာအုပ်စာပေ**

**လှူမိတ်ဆွေ**

## ကျန်းမာရေးဝန်ကြီးဌာန ကရင်ပြည်နယ်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ်ကုသရေး ဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူသည့် လူနာများ ဆေးကုသပေးရန်အတွက် (FDA အသိအမှတ်ပြု) ဆေးနှင့် ဆေးပစ္စည်းများအား မြန်မာငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၄ ရက် (အင်္ဂါနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၅-၂၀၂၄ ရက်(တနင်္လာနေ့) ညနေ (၄:၀၀)နာရီ

**တင်ဒါတင်သွင်းမည့်နေရာ** - ကရင်ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ ဘားအံမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ကရင်ပြည်နယ် ကုသရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၄၉၃၊ ၀၅၈-၂၂၇၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်ကြီးကြပ်ကော်မတီ**

## ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ အသဃက(၂၆)လမ်း၊ မြေကွက်အမှတ်(၇၈၈/က) ဟုခေါ်တွင်သော (ဦးအေးသောင်း(SLN-၀၂၇၀၇၆)၊ ဦးသိန်းလွင်(S/OKA-၀၉၄၀၇၀ အမည်ပေါက်) မြေအလျား x အနံ (၂၀ x ၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (ဂရန်မူရင်းခြမ်း)၊ မြေအလျား x အနံ(၁၀ x ၆၀)ပေ ရှိ မြေကွက်နှင့် နေအိမ်အား မူလအမည်ပေါက်များ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဦးနှင်းဦး ၁၂/ဥကတ (နိုင်)၀၆၃၈၂၂၊ ဒေါ်တင်တင်အေး ၁၂/ဥကတ (နိုင်)၀၆၈၈၁၆ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဌေးဌေးဝင်း ၁၀/ပမန(နိုင်)၀၀၁၆၅၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်က အရောင်း အဝယ်ကို ဥပဒေနှင့် အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးကျော်ဝင်းဟန်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၂၉၆၃)**

ဖုန်း-၀၉-၄၀၁၅၃၄၂၉၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/ 52388, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလှိုင် ၁၄/ဒဒရ(နိုင်)၀၆၂၄၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ရတနာအောင်သိဒ္ဓိကုမ္ပဏီလီမိတက်၏ အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ကျွန်ုပ်တို့ ရတနာအောင်သိဒ္ဓိကုမ္ပဏီလီမိတက်၏ အစည်း အဝေး ဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရတနာအောင်သိဒ္ဓိကုမ္ပဏီလီမိတက် ကုမ္ပဏီ မှတ်ပုံတင်အမှတ် (133547703)သည် (၁၀-၀၅-၂၀၂၄)နေ့တွင် ကျင်းပသည့်ကုမ္ပဏီ အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာမတည်ငွေရင်း (၅၀၀,၀၀၀,၀၀၀/-) (ငွေကျပ်သိန်းငါးထောင်)မှ ငွေကျပ်(၂၅,၀၀၀,၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်) သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/ | ရပ်/ကျေး မြို့ | အကွက်အမှတ်/ | ဦးပိုင်အမှတ် အမည် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်တင်နွဲ့ | ပုသိမ် | အမှတ်(၁၃) | ၁၆၃-စီ/ရုံးရပ်ကွက် | ဒီ-၃၁ | ၀.၀၈၃ | အသစ် |
| ၂ | ဦးကို | ပုသိမ် | အမှတ်(၁၃) | ၁၆၃-စီ/ရုံးရပ်ကွက် | ဘီ-၁၁ | ၀.၀၈၃ | အသစ် |
| ၃ | ဦးကိုကိုနိုင် | ပုသိမ် | အမှတ်(၅) | ၆၈-က/ထောင်ကြီး | ၄၁-ဗဗ | ၀.၀၉၉ | အမည်ပြောင်း |
| ၄ | ဦးမောင်မောင်စိုး | ပုသိမ် | အမှတ်(၁၃) | ၁၆၃-စီ/ရုံးရပ်ကွက် | ဒီ-၇၉ | ၀.၁၃၇ | အမည်ပြောင်း |
| ၅ | ဦးသက်ဇော်အောင် | ပုသိမ် | အမှတ်(၁၃) | ၅၃/ရေနံဇုန် | အမ်-၂၄/က၊ အမ်-၆၈ | ၀.၀၇၆ | အမည်ပြောင်း |
| ၆ | ဦးနေမင်းထက်ပါ(၂)ဦး | ပုသိမ် | အမှတ်(၂) | ၄၈-ခ/ ထန်းတပင်သင်္ချိုင်း | ၆၇ | ၀.၀၇၆ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 29W/64282 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(တာချီလိတ်)**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ရွှေတောင်မြို့ ၊ သရက်တောရပ်ကွက်၊ အပြင်ရှမ်းတန်းလမ်း၊ အကွက်အမှတ်(၂၁)၊ ရှမ်းတန်းအကွက်၊ ဦးပိုင်အမှတ် (၇၅ᴷ)၊ ဧရိယာ(၀.၂၃၂)ကေရှိ မြေကို မူလအမည်ပေါက် ဦးအောင်မြသန်း၊ ဒေါ်တင်တင်နွဲ့ အမည်မှ ဦးဝင်းကြည်+ဒေါ်မြမြဝင်းအမည်သို့ ပြောင်းလဲပေးပါရန် ဦးဝင်းကြည်မှ လျှောက်ထားလာပါသည်။ ယင်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါသဖြင့် ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း (၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဟသ်ာတမြို့နယ်တရားမရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

အိမွန်ဖြိုး နှင့် ကျော်ထက်အောင်
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄-ရပ်ကွက်၊ ဇလွန်(၇)လမ်းအမှတ်(၈၂၄)နေ ကျော်ထက်အောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မေလ ၃၁ရက်(၁၃၈၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိ စေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၃ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ဖြိုးဝေလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဟသ်ာတမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9678 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/24473၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအိုက်ဆိုင်၏သား ကျွန်တော် အိုက်ဆမ် ၁၃/မယန(နိုင်) ၀၁၀၅၉၀ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၇၄၈၂၆၈၉**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/39264 အမျိုးအမည် H Wave ၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆီခမ်းနွန်း ၁၃/ကတန(နိုင်) ၁၁၇၈၃၉မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/67720၊ အမျိုးအမည် Honda Wave I 110 အမျိုးအစား ဆိုင်ကယ်၊ ယာဉ်အမည်ပေါက်သူ ဦးစိုင်းဆိုင်လိန်လှိုင်း (၁၃/ကတန(နိုင်)၀၉၀၃၈၈မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူမည့် အစီအစဉ်တင်ပြခြင်း

၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်) ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ပြည်နယ်တွင်း လုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** | - ၁၄-၅-၂၀၂၄ရက်မှ ၄-၆-၂၀၂၄ရက် နံနက် ၉:၃၀နာရီမှညနေ ၄:၃၀နာရီထိ |
| (ခ) | **တင်ဒါပုံစံနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်** | - ၅-၆-၂၀၂၄ရက်မှ ၁၁-၆-၂၀၂၄ရက်အထိ ရုံးချိန်အတွင်း နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအချိန်အထိ |
| (ဂ) | **တင်ဒါရောင်းချမည့်နေရာ** | - ချင်းပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ ဟားခါးမြို့ |

**မှတ်ချက်။** တင်ဒါတင်သွင်းမည့်နေရာအား အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဖုန်း-၀၇၀-၂၁၅၈၅၊ ၀၇၀-၂၁၅၈၆ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးအဖွဲ့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ကျောက်ဖြူခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅

ဒေါ်ခင်ယုယုထွန်း နှင့် ၁။ ဒေါ်ဦးမြသိန်း
၂။ ဒေါ်ခင်ဖြိုးလွင်
တရားလို တရားပြိုင်များ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ကုလားဘာတောင်ရပ်ကွက်၊ မြို့ပတ်လမ်းနေ အမှတ်(၁)တရားပြိုင် ဒေါ်ဦးမြသိန်း(ယခုနေရပ်လိပ်စာမသိသူ) နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ကုလားဘာတောင်ရပ်ကွက်၊ မြို့ပတ်လမ်းနေ အမှတ်(၂)တရားပြိုင် ဒေါ်ခင်ဖြိုးလွင်(ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်တရားလို ဒေါ်ခင်ယုယုထွန်းက ချေးငွေ(၃၆၄၇၆၀၀၀) ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ရက်( ၁၃၈၆ခုနှစ်၊ ကဆုန်လကွယ် ၁၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သန်းစိန်)**
**ခရိုင်တရားသူကြီး**
**ကျောက်ဖြူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀/စက်စုကွင်း)၊ ဦးပိုင်အမှတ်(၂၈-တ)၊ မြေဧရိယာ(၀ဒသမ၀၄၁)ဧကရှိ အစိုးရ မြို့မြေကွက်အား ဦးဇေယျထွန်း(ဘ)ဦးသန်းထွန်း ၉/လဝန(နိုင်) ၂၅၂၁၇၁ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၁၈ရပ်ကွက်၊ ပြည်တော်သာလမ်းနေ ဒေါ်လချိမ်း၏သမီးမပို့ပို့စံ ၇/တငန(ပြု) ၀၀၂၁၅၃သည် မိခင်၏ဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ မိခင်အားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လချိမ်း**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ရှိုင်းဝဏ္ဏ ၇/ကဝန(နိုင်) ၂၃၄၈၈၀ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့် လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ လူမှုရေးကိစ္စအဝဝကို လုံးဝ(လုံးဝ) ဖြေ ရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဖခင်-ဦးစောထိန်လင်း**
**၇/ကဝန(နိုင်)၀၀၈၄၅၉**

## ပြင်ဆင်မှု လျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံး ဥပဒေပုဒ်မ-၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၁၃

ဒေါ်စန်းရီ နှင့် ဒေါ်သောင်းတင်
၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်မြင့်သန်း) ပါ ၂
လျှောက်ထားသူ လျှောက်ထားခံရသူများ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ်-၆၄/၂၀၂၂ ၏စီရင်ချက်နှင့်ထုံးပုံကျအပြီးသတ်အမိန့်မှပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ၂။ ဦးတင်လှိုင် အမှတ်၇၉၊ ဗိုလ်ချုပ်လမ်း၊ အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။ (ယခင်လိပ်စာယခုလိပ်စာမသိ)နေ သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစန်းက တင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ မေလ ၂၈ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မေလ ၇ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမာလာခင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 37W/78112 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀/စက်စုကွင်း)၊ ဦးပိုင်အမှတ်(၂၆-ဈ)၊ မြေဧရိယာ(၀ဒသမ၀၂၇)ကေရှိ အစိုးရ မြို့မြေကွက်အား ဦးနိုင်မျိုးသန့်(ဘ)ဦးမျိုးမြင့်အောင် ၉/စကတ(နိုင်) ၀၉၀၅၉၂မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများ တင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၂၇)၊ မြေဧရိယာ(၀.၁၁၀)ကေရှိ ဒေါ်မင်းတုပ် အမည်ပေါက် မြို့မြေကွက်အား ဒေါ်ခင်မာအေး ( ဘ )ဦးကိုကြီး၊ ၉/လဝန(နိုင်)၁၃၄၇၀၃ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၇၅)၊ မြေဧရိယာ(၀.၁၀၂)ကေရှိ ဦးစံမယ် အမည်ပေါက် မြို့မြေကွက်အား ဒေါ်မြင့်မြင့်ထွေး (ဘ)ဦးမြင့်လွင်၊ ၉/လဝန(နိုင်)၀၅၂၂၀၆မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်အတွင်း အသုံးပြုနိုင်ရန် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၅-၂၀၂၄ (တနင်္လာနေ့)

**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၁၁-၆-၂၀၂၄(အင်္ဂါနေ့) ညနေ (၄)နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးနှင့်ဆေးပစ္စည်းအချက်အလက်များကို သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့ (ဖုန်း- ၀၅၉-၂၁၁၄၄ ၊ ၀၅၉-၂၃၅၈၃)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊**
**ထားဝယ်မြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

